ခန္တီ စ ဇော ံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အယ်လ်ဂျီးရီးယားသမ္မတထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ အဗ္ဗဒဲလ်လာဇိ(စ်)၊ ဘူတဖလိကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မော်ကွန်းကျောက်စာ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီးဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဘိုးတော်မင်းတရားလက်ထက် ဘုရား၊ ဇရပ်၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်တို့ဖြင့် တင့်တယ်ခဲ့သည့် သမိုင်းဝင်ကျေးရွာတွင် နိုင်ငံတော်အစိုးရနှင့်ပြည်သူများပူးပေါင်း၍ တံတားများ၊ လမ်းနှင့်ဥယျာဉ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် နိဗ္ဗာန်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများ လိုအပ်ချက်ဖြည့်ဆည်းပေး

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆို ကြသည်။

ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့်ဥယျာဉ်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဆဒ္ဒန်ရတနာတံတားကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိသာရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီ ၃၀ ရက်)

နိုင်ငံတော်၏ရည်မှန်းချက် ပြည့်မြောက်အောင်မြင်ရေး ဝီရိယအားနှင့် စေတနာအား ပေါင်းစပ်ဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးအဆင့်မြင့်မားရေးနှင့် ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိသည်။

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ဖြစ်ထွန်းစေရန် အလေးထား ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧပြီလ ၁၇ရက်နေ့က ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင် ဆီမီး ၉၀၀၀ မွှာရုံခန်းမ၌ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ပေးသင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေး ရည်မှန်းချက်ကိုလည်း လက်တွေ့ဖြစ်မြောက်စေရန် ပုဂ္ဂလိက ကဏ္ဍကို စည်းရုံးဦးဆောင်ပြီး လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် အလေးထား ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း

ပြောကြားသွားသည်။

နိုင်ငံတော်က ချမှတ်ပေးထားသည့် ဒေသအလိုက် ဝမ်းစာဖူလုံရေး ရည်မှန်းချက်၊ သီးနှံအလိုက် အထွက်တိုးရေး ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးအတွက် ဒေသခံတောင်သူလယ်သမားများအား အထွက်တိုး မျိုးကောင်းမျိုးသန့် ဖြန့်ဝေပေးမှု၊ စိုက်ပျိုးရေးနည်းပညာပေးမှုများ အပါအဝင် လိုအပ်သည့်ပံ့ပိုးမှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု နည်းလမ်းကြံဆ စည်းရုံးပညာပေး ဆောင်ရွက်သွားကြရန် လိုပေသည်။

မြို့နယ်အဆင့် တာဝန်ခံများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကတာဝန်ရှိသူများဖြစ်ရာ ကျေးလက်အထိ ရောက်အောင်သွားပြီး ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရမည် ဖြစ်သည်။ သို့မှသာ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကိုခံယူရရှိပြီး ပြည်သူများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် မှန်ကန်သော ဦးဆောင်မှု၊ ထိရောက်သော စည်းရုံးမှု၊ ပညာပေးမှုများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လုပ်ငန်းများ ထိရောက်အောင်မြင်စေရေးတွင် နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ် စသည့်စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုလည်း ပေါင်းစပ်အသုံးပြုနိုင်ရန်လိုသည်။

ပြည်သူများအပိုင်းကလည်း မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက် အောင်မြင်ရေး၊ ဝင်ငွေတိုးပွားပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး ကြိုးစားအားထုတ် ဆောင်ရွက်ကြရန် လိုပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးက ဝီရိယအားနှင့် စေတနာအားပေါင်းစပ်ပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိဒေသ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုး တိုးတက်စေရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့ အလုံမြို့နယ် ကျောင်းလမ်း အမှတ် ၃၁ နေ ဦးဝင်းဆွေ – ဒေါက်တာ ဒေါ်ရီရီမြင့် (သားကြီး) မောင်အောင်သူ၊ (သား ငယ်) မောင် ကောင်း လွင် မိသားစုတို့က ဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဓမ္မဗျူဟာအဘိဓမ္မာသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၉

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း၏ စာမေးပွဲသင်တန်းများအဖြစ် အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ဗဟန်းမြို့နယ် ရွှေတိဂုံအရှေ့ဘက်မုခ်အနီး အမှတ် ၆၊ ကြာတောရလမ်းရှိ အဆိုပါသင်တန်းကျောင်းတွင် မေ ၁ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အဘိဓမ္မာနှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)သင်တန်းများကို မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီခွဲအထိလည်းကောင်း၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို နံနက် ၇ နာရီမှ ၁၁ နာရီခွဲအထိလည်းကောင်း၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ပို့ချမည်ဖြစ်ရာ သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(သဒ္ဓမ္မဇောတိကဓဇ)က ဦးစီး၍ ဓမ္မဒါနပို့ချသွားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများသည် အသေးစိတ် အချိန်ဇယားများကို ဖုန်း– ၃၈၀၃၈၈ သို့ ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဧပြီ ၂၉

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က)	ဒေါက်တာသန်းမြင့်	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ)	ဦးစောကျော်မင်း	ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဦးစိုးတင့်	ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

အမည်၊ရာထူး၊ဌာန	**ခန့်ထားသည့်ရာထူး၊ဌာန**
(က) ဗိုလ်မှူးကြီးချစ်ရှိန် အထူးအရာရှိ၊ အလုပ်သမားဝန်ကြီးဌာန	ဥက္ကဋ္ဌ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီးဆန်းထွန်း အထူးအရာရှိ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

မြန်မာ့လက်မှုအနုပညာပစ္စည်းများ ဈေးကွက်ဝင်အဆင့်မီတိုးချဲ့ထုတ်လုပ် ပြည်ပကလိုအပ်သည့်ပစ္စည်းများ အရည်အသွေးမီအရောက်ပို့နိုင်ရေးစီစဉ်

ရန်ကုန် ဧပြီ ၂၉

မြန်မာ့လက်မှုအနုပညာနှင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး ဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦး တက်ရောက်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် သမဝါယမဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး၊ ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌ၊ စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေး အသင်းစုချုပ် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချသော သမဝါယမအသင်းများမှ ပုဂ္ဂလိက လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမှတ်တရပစ္စည်းများ ထုတ် လုပ်ဖြန့်ဖြူးရောင်းချရေး ဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးက အမှာစကားပြော ကြားရာတွင် မြန်မာ့လက်မှုအနုပညာပစ္စည်းများ ဈေးကွက် ဝင် အဆင့်မီ တိုးချဲ့ထုတ်လုပ်ရေး၊ သမဝါယမအသင်းများ၊ ထုတ်လုပ်သူများ၊ ကိုယ်တိုင်ထုတ်လုပ်သော ပစ္စည်းများကို ဈေးကွက်သို့အရောက်ပို့ ရောင်းချနိုင်ရေး၊ သွင်းကုန်အစားထိုး ပစ္စည်းထုတ်လုပ်ရေး၊ နိုင်ငံခြားသားများ စိတ်ကြိုက် အမှတ်တရပစ္စည်းများ ဝယ်ယူနိုင်ရေးကို ညှိနှိုင်းဆွေးနွေး အကြံပြုပေးရန်ဖြစ်ကြောင်း၊ ပြည်ပက လိုအပ်သည့်ပစ္စည်းများကို အရည်အသွေးမီထုတ်လုပ်ပြီး ပြည်ပနိုင်ငံသို့အရောက်ပို့နိုင်ရေးကိုလည်း စီစဉ်သွားရန်ဖြစ်ကြောင်း၊ လက်မှုအနုပညာပစ္စည်း ဈေးကွက်မြှင့်တင်ရေးညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် သမဝါယမအသင်းသစ်တိုးချဲ့ဖွဲ့စည်းရေးတို့ကို စည်းရုံးညှိနှိုင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်နယ်နှင့်တိုင်း ဒုတိယညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ

တပ်မတော်(ရေ)ရေကြောင်းရဲညွှန့်လောင်း(မန္တလေးစခန်း)သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ)ရေကြောင်း ရဲညွှန့်လောင်း(မန္တလေးစခန်း) (အခြေခံနှင့်တန်းမြင့်)သင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ကောင်စီဝင်များ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်တို့က အမှာစကား အသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရေကြောင်း ရဲညွှန့်လောင်း(အခြေခံနှင့်တန်းမြင့်) သင်တန်းတွင် အခြေခံသင်တန်းသား ၅၀ နှင့် တန်းမြင့်သင်တန်းသား ၂၅ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပါ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

တရားတော်များဟောကြားမည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် သိမ်ကုန်းဝေနေယျသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် နှစ်ဖက်လှကမ္မဋ္ဌာန်း ရိပ်သာတို့၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုမာရ (သိရီပဝရ ဓမ္မာစရိယ)က ၁၃၆၆ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓနေ့အကြောင်း သိကောင်းစရာ တရားတော်များ ဟောကြားတော်မူပြီး ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ပွဲခါညောင်ရေ

* ကာဠု ယသော်
ညီတော်ဆန္ဒ ကဏ္ဍကနှင့်
သောဏ္ဍာ ဗုဒ္ဓဟေ ဖွားဖက်ဆွေသား
ခုနစ်ပါးတွင် ဗောဓိပင်သည်
စေတီ ပရိဘောဂတည်း။

* ကဆုန်သည်လ
"ပြိဿရာသီ" နွေပန်းချီအမှတ်
"နွားရုပ်"မြတ်လျှင် နက္ခတ်ယှဉ်သည့်
"ဝိသာခါနက္ခတ်" ဖြစ်တတ်ချိန်ခါ
"စကားဝါပန်း" "မိုးစွေပန်း"နှင့်
ပွင့်လန်းစုံစွာ ဖူးပွင့်လာသည်
ရောင်ခြည်နေဝန်း ဖြန့်ကြက်ထွန်းရှိန်
ဖန်သူရိန်ကြောင့် ပူလာဆင့်ကဲ
ပွဲခါညောင်ရေ သွန်းမြဲပေတည်း။

* ရှိသေညွတ်ကြိုး
လက်စုံမိုး၍ ရှိခိုးသဒ္ဒါ
ထုံးစဉ်လာဖြင့် တေဇာထန်ပြင်း
ရှင်နေမင်းအောက် မလွတ်မြောက်မို့
ခမ်းခြောက်၍နေ ရာသီနွေတွင်
ရေစင်သွန်းလောင်း ရွှက်ဟောင်းကြွေလျက်
ရွက်သစ်ထွက်ရန် တီးဟန်စုံညီ
ရွှေအိုးစည်နှင့် တူညီဝတ်စုံ
က၍ခုန်ကြ မွေးထုံနံ့သာ
ရောကာပက်လောင်း ညစ်ကြေးဟောင်းစင်
ရက်ကောင်းရက်မြတ် ပူဇော်အပ်သည့်
မြင့်မြတ်လှသော မဟာဗောဓိ
တုမရှိဖြစ်ပေါ် ဖွားဖက်တော်။ ။

ဇော်လှိုင်းနွယ် (နံ့သာ)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၄-၂၀၀၄
(သောကြာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၂၀ ၈။ စွန်ချောင်းရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၀ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇း၅၀ ၉။ တေးဂီတအစီအစဉ်
၁၈း၀၅ ၁၀။ ကပ်တဲလ်ကြိုးတံတား
၁၈း၁၅ ၁၁။ Discovery
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"**(အပိုင်း-၁၈)
၁၉း၃၀ ၁၅။ နှောင်းခေတ်တေးပဒေသာ
၁၉း၄၀ ၁၆။ စစ်ကိုင်းတိုင်းမြို့မတံတား
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **"အသည်းစားကြွေရုပ်"** (အပိုင်း-၂) (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ဟိန်းစိုး)

တတိယအကြိမ်စာပေညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးအတွက်ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၂၀၀၄ခုနှစ် မေလတွင်ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း (ကျော်စောဟန်)က အလှူငွေကျပ် ၃၀၀၀၀ ကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် ဧည့်ခန်းမ၌ လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်း (လှထွန်း-တွံတေး)တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဧပြီ ၂၂ ရက်က အမှတ် ၅၈ ၅ လမ်း လမ်းမတော်မြို့နယ်နေ ဦးကျင်ဟုန်-ဒေါ်ပိုးကြူး၊သမီးမခင်ခင်စန်း(သမီးလေးစတိုး) မိသားစုက ဗိုဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေလက်ခံယူစဉ်။(က-ပ)

ရထားရဲကိုယ်လုံပညာသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ်(၁၀)တပ်ခွဲ (အင်းစိန်) ထိုက်ကီဒိုကိုယ်လုံပညာလုပ်ငန်းခွင်မပျက် အခြေခံသင်တန်း (၁/၂၀၀၄) ဖွင့်ပွဲကို ဧပြီ ၂၆ ရက် ညနေက အဆိုပါတပ်ခွဲစုစည်းခန်းမ၌ကျင်းပရာ တပ်ခွဲမှူး ဒုရဲမှူး အောင်သန်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ တပ်ခွဲမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊သင်တန်းနည်းပြ တပ်ကြပ်အောင်သိန်းနှင့် သင်တန်းသား၂၀တက်ရောက်ကြပြီး ရထားရဲတပ်ဖွဲ့မှူးရုံးမှ ရုံးဦးစီးအရာရှိ ဒုရဲမှူး သန်းငွေက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** **(ဝ၄၆)**

နားရိုင်း၌ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၂၉

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) နားရိုင်း၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ် လှိုင်းနံပါတ် ၆ ဖြင့် ယင်းနေ့ညနေပိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှစတင်၍အရုပ်၊အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာ ရှေးဟောင်းသုဝဏ္ဏဘူမိ နေပြည်တော်အတွင်းရှိ သမိုင်းဝင် ကျိုက်ကလန်းစေတီတော်မြတ်ကြီးအား အောင်ချမ်းသာ သာသနာ့အကျိုးဆောင်အဖွဲ့(ရန်ကုန်) နှင့်ကျေးရွာခုနစ်ရွာမှ ကျေးရွာသားများပါဝင်သော ဘက်စုံပြုပြင်ရေးလုပ်ငန်းကော်မတီက ကြည်ညိုတင့်တယ်သပ္ပာယ်စွာ ဖြစ်ထွန်းရေးအတွက် ပြုပြင်လျက်ရှိသည်။

ယင်းစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းအလှူရှင် ရန်ကုန်မြို့ အင်းစိန်လမ်းမကြီးနှင့် အရှေ့ကြို့ကုန်းလမ်းဆုံရှိ Star Store ပိုင်ရှင်ဦးဖေချစ်ကြိုင်-ဒေါ်သီတာရွှေ (ကြိုင်မိသားစု)၊ ဘက်စုံပြုပြင်ရေးလုပ်ငန်းကော်မတီနှင့်စေတီတော်ဂေါပကအဖွဲ့တို့က တတိယအကြိမ်ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ကဆုန်လပြည့်ညနေ ၃နာရီတွင် ရာမဦးအုန်းမောင်အဖွဲ့၊ကျေးရွာများမှဝတ်အသင်းအဖွဲ့များ၊ ကျေးရွာသားများ နှင့်အတူ ရေးမူမပျက် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ကြွရောက်ပါဝင်ကုသိုလ်ယူကြရန်နှင့် ဒေါ်ကြည်ကြည် ဖုန်း-၆၆၄၂၇၈၊ ဦးသန်းဦး ဖုန်း-၂၄၁၀၅၁၊ ဦးဖေချစ်ကြိုင် ဖုန်း-၆၄၁၈၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဓာတ်ဆီဖြည့်မှုသတိပြု

ရန်ကုန် ဧပြီ ၂၉

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဓာတ်ဆီဖြည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ်လျှပ်စစ်ဓာတ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်သဖြင့် သတိပြုရှောင်ကြဉ်ကြရန် မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အီရတ်နိုင်ငံအခြေအနေ ထိန်းမနိုင်သိမ်းမရဖြစ်လာနေမှု အလွန်အမင်းစိုးရိမ်ကြောင်း တရုတ်နိုင်ငံ ပြောကြား

ပေကျင်း မေ ၂၈

အစီအစဉ်အတိုင်း ဇွန် ၃၀ ရက်၌ အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးနောက်ပိုင်းတွင် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် မုချမသွေ ခွဲခြားမရသော အချုပ်အခြာအာဏာပင်ဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ကွန်ကွမ်ကပြောကြားသည်။

ကုလသမဂ္ဂက ယင်း၏အခန်းကဏ္ဍကို လုပ်ဆောင်စေရန်နှင့် အနာဂတ်တွင် ကြာရှည်တည်တံ့သော၊ အာမခံချက်ရှိသော၊ တည်ငြိမ်ပြီး ငြိမ်းချမ်းသော အီရတ်နိုင်ငံအတွက် အခြေအနေများ ဖန်တီးရန်အလို့ငှာ အီရတ်၏ အုပ်ချုပ်ရေးလွှဲပြောင်းအပြီး၌ အီရတ်လူမျိုးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံကို တာဝန်ယူလုပ်ဆောင်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူကွန်ကွမ်က သတင်းသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ထိုသို့ဆိုသော်လည်း အီရတ်နိုင်ငံ၏ အခြေအနေမှာကောင်းသော တူရူသို့ ရှေးရှုရွေ့လျားရမည့် အစား ဝရုန်းသုန်းကားပိုဖြစ်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံ အနေဖြင့် အလွန်အမင်း စိတ်ပူပန်ကြောင်း ကွန်က ပြောကြားသည်။

အီရတ်နိုင်ငံ၏ ပြဿနာကိုဖြေရှင်းရန်မှာ အသွင်ကူးပြောင်းရေးနှင့် ရွေးချယ်ပွဲကဲ့သို့ အဓိကကျသော ကိစ္စများတွင် အလွှာအမျိုးမျိုးမှ အီရတ်ပြည်သူများ၏ ထုတ်ဖော်ပြောဆိုချက်ကို နားထောင်သင့်ကြောင်း တရုတ်နိုင်ငံက ခံယူသည်ဟု မစ္စတာကွန်က ပြောကြားသည်။

ပြည်သူများ၏ ထုတ်ဖော်ပြောဆိုချက်များအရ အခြေခံသဘောတူညီချက်ကို ရနိုင်မည်ဖြစ်ပြီး အီရတ်တို့၏ အချုပ်အခြာအာဏာသည် ထိုသဘောတူချက်အပေါ်အခြေခံပြီး ပြန်လည်စတင်နိုင်မည်ဟု မစ္စတာကွန်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့လယ်၌ ဗုံးပေါက်ကွဲ ကန်စစ်ယာဉ်တစ်စီး ထိမှန်ပျက်စီး

ဘဂ္ဂဒက် မေ ၂၈

ဘဂ္ဂဒက်မြို့လယ်ကောင်တွင် အမေရိကန်စစ်ယာဉ်တစ်စီး တနင်္လာနေ့၌ ဗုံးပေါက်ကွဲထိမှန်မှုကြောင့် မီးလောင်ပျက်စီးသွားပြီး အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်စစ်ယာဉ်တန်းတစ်ခုသည် ဘက်ပ်အယ်လ်မွာဇမ်အရပ်ရှိ လမ်း တစ်လမ်းတွင် ဖြတ်မောင်းသွားခိုက် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဗုံးပေါက်ကွဲသံကို မြို့၏ နေရာအများအပြားက ကြားရပြီး မီးခိုးလုံးကြီးများ ထိုဒေသအပေါ်၌ ဖုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ရွှေ့ပြောင်း

ဗုံးထိမှန်ပျက်စီးသော ယာဉ်မှ ထိခိုက်သေဆုံးသူအချို့ကို အမေရိကန်တပ်များက ဖယ်ရှားရွှေ့ပြောင်းပေးကြပြီး စစ်ဘက်ဆိုင်ရာများက ချက်ချင်း ဝေဖန်ချက် မပေးဘဲရှိသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တွင် ကုလသမဂ္ဂ ပိုမိုပါဝင်ဆောင်ရွက်လာရေး ဘုရှ်ကို တိုက်တွန်းရန် ဆွီဒင်ဝန်ကြီးချုပ် စီစဉ်ထား

ကုလသမဂ္ဂ မေ ၂၈

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ ပိုမိုပါဝင် ဆောင်ရွက်လာစေရန်အတွက် သမ္မတဘုရှ်ကို တိုက်တွန်းရန် မိမိစီစဉ်ထားကြောင်း ဆွီဒင်ဝန်ကြီးချုပ် ဂိုရန်ပါဆွန်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အတည်ပြုချက် မပါရှိဘဲ ပြီးခဲ့သည့်နှစ်က အမေရိကန်ဦးဆောင်ပြီး အီရတ်နိုင်ငံအား တိုက်ခဲ့ခြင်းကို ဆွီဒင်နိုင်ငံက ဆန့်ကျင်ကန့်ကွက်ခဲ့သည်။

ပြောကြား

ကုလသမဂ္ဂထောက်ခံမှုမပါဘဲ စစ်ပွဲပြီးဆုံးရန်မှာ မဖြစ်နိုင်ကြောင်း ဗုဒ္ဓဟူးနေ့၌ ဘုရှ်နှင့်တွေ့ရန် စီစဉ်ထားသော ပါဆွန်က ပြောကြားသည်။

ဆွီဒင်သည် အာဖဂန်နစ္စတန်၊ လိုင်ဘေးရီးယားနှင့် ကိုဆိုဗိုတို့သို့ တပ်ဖွဲ့ဝင်များစေလွှတ်ပေးခဲ့ပြီး အီရတ်သို့တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အစီအစဉ်များ မရှိခဲ့သော်လည်း အီရတ်နိုင်ငံအား လူသားအကျိုးပြုအကူအညီ ဆက်ပေးသွားမည်ဖြစ်ကြောင်း နယူးယောက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်နှင့် ဆွေးနွေးအပြီး၌ ပါဆွန်က ပြောကြားသည်။

လုံခြုံရေးပေးသင့်

အီရတ်တွင် အမေရိကန်ပြည်ထောင်စု၏ မူဝါဒများကို နိုင်ငံတကာဆိုင်ရာအသိုင်းအဝိုင်းက ထောက်ခံပြီး ပူးပေါင်းဆောင်ရွက်မှုကိုရရန်မှာ ဝါရှင်တန်အနေဖြင့် ကုလသမဂ္ဂ၏ဖွဲ့စည်းတည်ဆောက်ပုံကို လေးစားသင့်ကြောင်း၊ ကုလသမဂ္ဂကို အချိုးအစားညီသော လုပ်ငန်းတာဝန်များရှိသည့် အခန်းကဏ္ဍပေးသင့်ကြောင်း၊ လုံလောက်သော လုံခြုံရေးပေးသင့်ကြောင်း ပါဆွန်က ပြောကြားသည်။ **(ရိုက်တာ)**

အမေရိကန် ဆန့်ကျင်ရေး

မေ ၂၈ ရက်က ဖော်လူဂျာမြို့လယ်တွင် အီရတ်ပြောက်ကျားတစ်ဦးက အမေရိကန်ဆန့်ကျင်ရေး စာတန်းတစ်ခုကို အီရတ်အချို့အား ဖတ်ကြားပြနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စစ်ဆေးမေးမြန်း

မေ ၂၈ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်တို့အား စစ်ဆေး မေးမြန်းနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စပိန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့မှ ရုပ်သိမ်း

မက်ဒရစ် မေ ၂၈

အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုတာဒါအယ်လ်ဆာဒါနှင့် သူ၏ မီဒီတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသည့် နာဂျက်ဖ်မြို့မှနေ၍ စပိန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ အီရတ်ရှိ အဓိကစစ်အခြေစိုက်စခန်းရှိရာ ဒီဝါနီယာမြို့သို့ ပြန်လည်ရုပ်သိမ်းခဲ့ပြီဖြစ်ကြောင်း စပိန်နိုင်ငံအသံလွှင့်ဌာနက အင်္ဂါနေ့တွင် ကြေညာခဲ့သည်။

စပိန်တပ်ဖွဲ့ဝင်များကို နာဂျက်ဖ်မြို့မှနေ၍ ရုပ်သိမ်းကြောင်း၊ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း စပိန် ဗိုလ်ချုပ်ကြီး ရို့မင်နူရယ်မူနော့ဇ်က နိုင်ငံပိုင်ရေဒီယိုက ပြောကြားသွားသည်။

ကြေညာ

ယခုလစောစောပိုင်းက စပိန်ဝန်ကြီးချုပ်သစ် ရို့လူစ်ရိုဒရီဂျော့ဇ်ဇာပါတီရိုက စပိန်နိုင်ငံ၏ ပထမဆုံး အစီအစဉ်မှာ အီရတ်မှ စပိန်တပ်ဖွဲ့ဝင် ၁၄၀၀ ကို ရုပ်သိမ်းရေးပင်ဖြစ်ကြောင်း ကြေညာခဲ့သည်။

စပိန်ကာကွယ်ရေးဝန်ကြီးက နာဂျက်ဖ်ရှိ စစ်ဆင်ရေးဆောင်ရွက်မှုများ မည်သို့ပြုလုပ်မည်ကို အသေးစိတ်ပြောဆိုရန် ငြင်းဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်မူဝါဒကို မထောက်ခံရန် ဗြိတိသျှသံတမန်ဟောင်းများ ဝေဖန်ပြောကြား

လန်ဒန် မေ ၂၇

အရှေ့အလယ်ပိုင်း၌ပျက်စီးကိန်းရှိသော အမေရိကန်ပြည်ထောင်စု၏ မူဝါဒအပေါ် ဝန်ကြီးချုပ်ဘလဲအနေဖြင့် ဩဇာစတင်သုံးရန် သို့မဟုတ် ထောက်ခံမှုကိုရပ်ရန် အချိန်တန်ပြီဖြစ်ကြောင်း ဗြိတိသျှသံတမန်ဟောင်းကြီးများက တန်းစီလက်မှတ်ထိုးပြီး ဘလဲအား တနင်္လာနေ့က တိုက်ခိုက်ပြောကြားလိုက်သည်။

ယခုကဲ့သို့ သံအမတ်ဟောင်းများ၊ မဟာမင်းကြီးဟောင်းများနှင့် အုပ်ချုပ်ရေးမှူးဟောင်း ၅၂ ယောက်က တန်းစီ လက်မှတ်ထိုးပြီး ဘလဲကို တိုက်တွန်းပြောဆိုခြင်းသည် တစ်ခါဖူးမျှမရှိခဲ့သော ဖြစ်ရပ်ဖြစ်သည်။

အဆိုပါဘလဲထံပေးစာတွင် အမေရိကန်၏ ဒေသတွင်းရှိမူဝါဒကို အရေးကြီးဆုံးအကြောင်းအရာအဖြစ် ဩဇာလွှမ်းမိုးရန် တိုက်တွန်းထားသည်။

ဘလဲ၏ ပြောရေးဆိုခွင့်ရှိသူက ထိုတိုက်ခိုက်မှုနှင့် ပတ်သက်၍ ချက်ချင်း ဝေဖန်ပြောကြားခြင်းမပြုဘဲ ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ဟောင်ကောင်၏ ကုန်ပစ္စည်းတင်ပို့မှု မတ်လ၌ သိသာစွာတိုးမြင့်

ဟောင်ကောင် မေ ၂၈

မတ်လအတွင်း ဟောင်ကောင်၏ စုစုပေါင်းပို့ကုန်တန်ဖိုးသည် ယခင်အစောပိုင်း တစ်နှစ်ကထက် ၁၃ ဒသမ ၉ရာခိုင်နှုန်းတိုးပြီး ဟောင်ကောင်ဒေါ်လာ ၁၆၂ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈ဘီလီယံ) ထိရှိမည်ဟု ဟောင်ကောင်သန်းခေါင်စာရင်းနှင့် ကိန်းဂဏန်းဌာနက အင်္ဂါနေ့၌ ထုတ်ပြန်သော သတင်းတွင် ဖော်ပြထားသည်။

တရုတ်ပြည်မကြီး၊ တောင်ကိုရီးယား၊မလေးရှားနှင့်စင်ကာပူတို့ အပါအဝင် အရှေ့အာရှစီးပွားရေးနိုင်ငံ အများအပြားသို့ ကုန်ပစ္စည်းတင်ပို့မှုသည် မတ်လထဲ၌ သိသိသာသာ တိုးလာခဲ့သည်ဟု အစိုးရအတွင်းဝန်များရုံးပြောခွင့်ရှိ သူက ပြောကြားသည်။ ဥရောပသမဂ္ဂသို့ ကုန်ပစ္စည်းတင်ပို့မှုမှာလည်း ဆက်လက်တိုးမြင့်လျက်ရှိသည်ဟုဆိုသည်။**အမ်အင်အေ၊ဆင်ဟွာ**

ဖော်လူဂျာ၌ ကန်တပ်များနှင့် ပြောက်ကျားတို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား ပေါက်ကွဲမှုများကြောင့် ကောင်းကင်ပြင်တွင် မီးခိုးလုံးများဖုံးလွှမ်းနေ

ဘဂ္ဂဒက် ဧပြီ ၂၈

ခုခံတိုက်ခိုက်ရေးပြောက်ကျားများ ၎င်းတို့၏လက်နက်ကြီးများကို အပ်နှံရန်ပေးထားသည့် နောက်ဆုံးအချိန် ကုန်ဆုံးသွားပြီးနောက် နာရီပိုင်းအကြာတွင် ဖော်လူဂျာမြို့တွင်းရှိ ပစ်မှတ်များကို အမေရိကန်လေယာဉ်များနှင့် တင့်ကားများက တိုက်ခိုက်ခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။

အမေရိကန်တပ်များက ဖော်လူဂျာမြို့၏ ဂိုလန်အရပ်တွင် အပြင်းအထန်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တစ်မိနစ်တွင် ပေါက်ကွဲသံ ၁၀ ခုမက ကြားရကြောင်း၊ ကောင်းကင်တစ်ပြင်လုံး ပစ်ခတ်မှုများကြောင့် လင်းထိန်နေကြောင်း၊ မီးခိုးလုံးများလည်း တက်နေကြောင်း မျက်မြင်တစ်ဦးက ပြောကြားသည်။

အမေရိကန် ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက မိနစ် ၃၀ ခန့် ရှတ်တရက်ဖြစ်ပွားခဲ့သော ဖော်လူဂျာတိုက်ပွဲနှင့် အမေရိကန်တို့ပစ်မှတ်မှာ မြို့နေ လူ ၃၀၀၀၀၀ ဖြစ်သည်ဆိုသည်ကို ဝေဖန်ပြောကြားရန် ငြင်းဆိုသည်။ အမေရိကန် ကန်ထရိုက်လေးဦး အသတ်ခံရပြီးနောက် ဧပြီ ၅ ရက်မှစပြီး မရိန်းတပ်ဖွဲ့ဝင်များ ဝိုင်းထားသော ဖော်လူဂျာမြို့တွင် လူရာပေါင်းများစွာသေဆုံးခဲ့သည်ဟု ဒေသရှိ ဆရာဝန်များက ပြောဆိုသည်။ ဖော်လူဂျာတွင် အမေရိကန်တပ်မှူးများက ခုခံတိုက်ခိုက်ရေးပြောက်ကျား အင်အား ၂၀၀၀ မျှ ဖော်လူဂျာ၌ရှိကြောင်း၊ အချို့မှာ ဆက်ဒမ်သစ္စာခံများဖြစ်ကြောင်း၊ အချို့မှာ အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိနိုင်ကြောင်း ပြောဆိုကြသည်။ **(အင်တာနက်)**

ဧပြီ ၂၈ရက်က ဖော်လူဂျာမြို့တွင် အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲများ ဖြစ်ပွားနေမှုကြောင့် ဖော်လူဂျာမြို့ပေါ်တွင် မီးခိုးများအလိပ်လိုက်တက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ နောက်ဆုံးစပိန်တပ်ဖွဲ့ဝင်များ စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

မက်ဒရစ် ဧပြီ ၂၉

အမေရိကန်ဦးဆောင်သော အီရတ်သိမ်းပိုက်မှုတွင် ပါဝင်သည့် နောက်ဆုံးစပိန်တပ်ဖွဲ့အုပ်စုတစ်စုသည် ကူဝိတ်နိုင်ငံမှတစ်ဆင့် စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်ဟု စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ နောက်ဆုံးစပိန်တပ်ဖွဲ့ဝင် ၂၆၀ သည် အီရတ်နိုင်ငံ အလယ်ပိုင်း နာဂျက်ဖ်နှင့် ဒီဝါနီယာမြို့ကြီးများတွင် တပ်စွဲထားသော စပိန်ဦးဆောင်သည့် တပ်ဖွဲ့၏ အစိတ်အပိုင်းဖြစ်သည်။ ကြာသပတေးနေ့တွင် ဝန်ကြီး ဇာပါတီယိုနှင့် ကာကွယ်ရေးဝန်ကြီး ဂျို့စ်ဘိုနိုတို့သည် အီရတ်၌ စပိန်တပ်ဖွဲ့ဝင်များ လုပ်ငန်းအဆုံးသတ်မှုအခမ်းအနားကို တက်ရောက်ကြမည်ဖြစ်သည်။ အဆိုပါအခမ်းအနားကို စပိန်နိုင်ငံ အနောက်တောင်ဘက် တာလာဗီယာလာရီယဲရှိ ဘိုတိုဝါလေတပ်အခြေစိုက်စခန်း၌ ကျင်းပမည်ဟု ဇာပါတီယိုရုံး အဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ၂၈ရက်က ဘာဆာရာမြို့တွင် အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုခံရပြီးနောက် ရေနံတင်ယာဉ်တန်းတစ်ခုကို လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသော ကန်အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦး၏ ညီအစ်မများ အီရတ်သို့ပြန်ပြီး စစ်မှုမထမ်းရန် ဆုံးဖြတ်ထားဟုဆို

မက်ဒီဆင် ဧပြီ ၂၈

အီရတ်၌အမှုထမ်းရိုက် သေဆုံးသွားခဲ့သော အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်မှ အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦး၏ တပ်ဖွဲ့ဝင်ညီအစ်မများက ဝစ္စကွန်ဆင်အမျိုးသားအစောင့်တပ်တွင် တိုက်ခိုက်ရေးတာဝန်များယူရန်အတွက် အီရတ်သို့ပြန်မသွားရန် ၎င်းတို့ ဆုံးဖြတ်ထားကြောင်း အင်္ဂါနေ့၌ ပြောကြားသည်။

ရေချယ်နှင့် ချာရတီဝစ်မာတို့သည် ၎င်းတို့၏ညီအစ်မဖြစ်သူအား သင်္ဂြိုဟ်ရန် နေအိမ်သို့ ပြန်လာခဲ့ကြပြီး ၎င်းတို့က မိမိတို့၏ လူသိရှင်ကြား ကျော်ကြားမှုသည် ၎င်းတို့အား အီရတ်၌ ပစ်မှတ်ဖြစ်လာနိုင်ပြီး မိမိတို့၏ ရဲဘော်ရဲဘက်များကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း ပြောဆိုခဲ့ကြသည်။

မိမိတို့သည် အခက်အခဲတစ်ရပ်နှင့် ကြုံနေရပြီး ဆုံးဖြတ်ချက် ရှုပ်ထွေးနေကြောင်း ၎င်းတို့က ပြောကြားသည်။ သတင်းစာရှင်းပွဲပြုလုပ်ရာတွင် ရေချယ်ဝစ်မာ(၂၄)နှစ်နှင့် ချာရတီဝစ်မာ (၂၀) တို့သည် တစ်ယောက်မျှ တက်ရောက်ခြင်းမရှိဘဲ ၎င်းတို့၏မိခင် လော်ရီဝစ်မာသာ တက်ရောက်ခဲ့သည်။ ချာရတီဝစ်မာနှင့် သေဆုံးသူ မီရှဲဝစ်မာတို့သည် အမြွှာညီအစ်မ ဖြစ်သည်။ မီရှဲဝစ်မာသည် ရေချယ်၏ တပ်ဖွဲ့မှ ဖြစ်ပြီး သူမလိုက်ပါသွားသော ယာဉ်တန်း ဧပြီ ၉ ရက်၌ ဘဂ္ဂဒက်အနီး ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့တပ်ဖွဲ့အား တာဝန်ထမ်းဆောင်ရန် မကြာမီက ရက် ၁၂၀ တိုးမြှင့်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

နယူးဇီလန်နိုင်ငံသားတစ်ဦး အီရတ်၌အဖမ်းခံထားရကြောင်း နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြား

ဝယ်လင်တန် ဧပြီ ၂၈

နယူးပလိုင်းမောက်မှ လူတစ်ဦး အီရတ်နိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရကြောင်း နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (အမ်အက်ဖ်အေတီ)က အတည်ပြုကြောင်း နယူးဇီလန် သတင်းစာအသင်းက အင်္ဂါနေ့၌ သတင်းဖော်ပြသည်။

အန်ဒရီးကေဖာ၏ မိသားစုသည် ၎င်းအား အီရတ်ရှိ အမေရိကန်ဦးဆောင်သော ယာယီ အာဏာပိုင်အဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသည်ဆိုသော အီးမေးလ်ကို ရရှိခဲ့ပြီးနောက် အမ်အက်ဖ်အေတီက သံတမန်လမ်းကြောင်းမှ စစ်ဆေးပြီးသည့်အခါ သူ၏ လုံခြုံရေးနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ခဲ့သည်။ သူ့အား အမေရိကန်အာဏာပိုင်များ ဖမ်းဆီးထိန်းသိမ်းထားခြင်းမရှိကြောင်းလည်း တွေ့ရှိခဲ့သည်။

ပြောကြား

အမ်အက်ဖ်အေတီပြောခွင့်ရှိသူ ဂျိုနသန်ရှဝပ်စ်က စကေဖာ အီရတ်၌ ဖမ်းဆီးထိန်းသိမ်းခံနေခဲ့ရကြောင်း အတည်ပြုသည့်သတင်းများ ယခုအပတ်၌ ရရှိခဲ့သည်ဟု အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ငြင်းဆို

စကေဖာကို မည်သူဖမ်းဆီးထားသည်ကို ဝေဖန်ပြောဆိုရန် ဂျိုနသန်ရှဝပ်စ်က ငြင်းဆိုခဲ့ပြီး စကေဖာကို ဖမ်းထားသူမှာ ပြောက်ကျားအုပ်စု မဟုတ်ကြောင်းသာ ပြောဆိုခဲ့သည်။

ကြိုးပမ်းနေ

စကေဖာသည် အသက်ရှင်လျက်ရှိပြီး ကျန်းမာရေးကောင်းကြောင်း ၎င်းနှင့်ပတ်သက်၍ မည်သည့်နေရာ၌ ဖမ်းထားသည် သို့မဟုတ် မည်သည့်အတွက်ကြောင့် ဖမ်းထားသည်ကို သိရန်ကြိုးပမ်းနေကြောင်း အမ်အက်ဖ်အေတီက ပြောဆိုသည်။ စကေဖာ အီရတ်၌ ဘာလုပ်သည်ကို ပြောရေးဆိုခွင့်ရှိသူက ဝေဖန်ခြင်းမပြုပေ။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြမှုများ အီတလီ၌ ကျင်းပ

ရောမ ဧပြီ ၂၇

အီတလီနိုင်ငံ၌ တနင်္ဂနွေနေ့က ဖက်ဆစ်အုပ်ချုပ်မှုလက်အောက်မှ လွတ်မြောက်သည့်နေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပခဲ့ရာ အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြပွဲများလည်း ပါဝင်ခဲ့သည်။ အီတလီနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင်သုံးထောင် စေလွှတ်ထားပြီး လူထုက ကန့်ကွက်နေသော်လည်း အီတလီအစိုးရက ၎င်းတပ်ဖွဲ့ဝင်များကို အီရတ်၌ ဆက်လက် တပ်စွဲထားမည်ဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။

ခြိမ်းခြောက်

အီရတ်နိုင်ငံ၌ ယခုလအစောပိုင်းတွင် အီတလီလူမျိုးလေးဦး ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံရကာ တစ်ဦး သတ်ဖြတ်ခံခဲ့ရပြီးနောက် အီတလီပြည်သူများ၏ အီရတ်စစ်ပွဲ ဆန့်ကျင်မှုစိတ်ဓာတ်များ ပိုမိုပြင်းထန်လာသည်။ ၎င်းတို့ကို ဖမ်းဆီးထားသော ဂရင်းဘရီဂိတ်တပ်ဖွဲ့က အီတလီအနေဖြင့် လူထုဆန္ဒပြပွဲများကို ငါးရက်အတွင်း ပြုလုပ်ခြင်းမရှိလျှင် ဓားစာခံများကို သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။

အီတလီနိုင်ငံရေးခေါင်းဆောင်များက အီရတ်စစ်ပွဲအတွင်း နိုင်ငံ၏ ပါဝင်ပတ်သက်မှုကို ဆန့်ကျင်သော်လည်း ပြန်ပေးသမားများ၏ တောင်းဆိုမှုကို မလိုက်လျောနိုင်ကြောင်း ပြောကြားခဲ့သည်။ ဓားစာခံများ၏ မိသားစုများက ဗီဒီယိုတိပ်ခွေကို ကြည့်ရှုရသည့်အတွက် ၎င်းတို့၏ဆွေမျိုးများ အသက်ရှင်လျက်ရှိကြောင်း စိတ်သက်သာရခဲ့သည်ဟု ပြောကြားကြသည်။ အီတလီလူထု၏ စစ်ဆန့်ကျင်ရေးတိုးပွားလာမှုကြောင့် အီတလီအစိုးရအနေဖြင့် ဓားစာခံများ လွတ်မြောက်ရေး ပိုမို အားထုတ်ဆောင်ရွက်ရလျက်ရှိသည်။ **(စီအက်ဖ်အိုင်)**

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၇၂၂ ဦးရှိပြီ

ဝါရှင်တန် ဧပြီ ၂၉

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အီရတ်ကို ယမန်နှစ် မတ် ၂၀ ရက်၌ စတင်ပြီးထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြရာ ၂၀၀၄ ခုနှစ် ဧပြီ ၂၈ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်၌ အီရတ်တွင် သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၂၂ ဦးဖြစ်သည်။

သေဆုံး

ယင်းအနက် ၅၂၁ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၂၀၁ဦးမှာ တိုက်ပွဲမဟုတ်ဘဲသေဆုံးခြင်းဖြစ်သည်။ မေ ၁ ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၈၂ ဦးဖြစ်သည်။ ယင်းအနက် ၄၁၀မှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၇၂ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။

ခုခံတိုက်ခိုက်

အီရတ်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား အီရတ်ပြောက်ကျားတို့က အပြင်းအထန်ခုခံတိုက်ခိုက်လျက်ရှိရာတိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။ ဖော်လူဂျာမြို့နှင့် နာဂျက်ဖ်မြို့များ၌ အီရတ်ပြောက်ကျားများက မြို့တွင်း၌ အခိုင်အမာခြေကုတ်ယူလျက် အမေရိကန်တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်လျက်ရှိသည်။

ပြောကြား

အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုဒါတာအယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များဖျက်သိမ်းရန်နှင့် လက်နက်ကြီးများအပ်နှံရန် အမေရိကန်တို့၏ တောင်းဆိုထားသည့်အချိန်မှာ ကျော်လွန်ခဲ့ပြီဖြစ်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ရေးအရအရေးယူဆောင်ရွက်ရန် စိုင်းပြင်းနေပြီဖြစ်သည်။ အယ်လ်ဆာဒါက သူ၏ မီဒီတပ်ဖွဲ့ဝင်များအား အမေရိကန်တို့အား ဆက်လက်တိုက်ခိုက်ရန်ပြောကြားလျက်ရှိသည်။ **(အင်တာနက်)**

အမေရိကန်တို့ခန့်အပ်ထားသော အီရတ်အုပ်ချုပ်မှုကောင်စီကို ဖျက်သိမ်းရန်အဆိုပြု

ကုလသမဂ္ဂ ဧပြီ ၂၈

လာမည့်မေလကုန်ပိုင်း၌ အီရတ် အိမ်စောင့်အစိုးရကို ဖွဲ့စည်းနိုင်မည် ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရတ် ကိုယ်စားလှယ် ဘရာဟီမီက အင်္ဂါနေ့တွင် ကျင်းပသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး၌ ပြောကြားလိုက်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များထံမှ အချုပ်အခြာအာဏာကို လွှဲပြောင်းယူမည့်အစိုးရအတွက် ၎င်း၏ အကြံဉာဏ်များကို တင်ပြခဲ့ခြင်းဖြစ်သည်။

အမေရိကန်တို့ခန့်အပ်ထားသော အီရတ်အုပ်ချုပ်မှုကောင်စီကို လာမည့်ဇွန်လကုန်၌ ဖျက်သိမ်းပစ်ရန်နှင့် အီရတ်နိုင်ငံ တစ်ဝန်း ကိုယ်စားလှယ် ၁၁၅၀ပါဝင်မည့် ညီလာခံကျင်းပရန် ဘရာဟီမီက အဆိုပြုပြောကြားသည်။ လက်ရှိ အီရတ်နိုင်ငံ၌ ဖြစ်ပျက်နေသော အခြေအနေများကြောင့် ဘရာဟီမီ၏ အဆိုပြုချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ထောက်ခံခဲ့သည်။

(အင်န်အိပ်ချ်ကေ)

ဧပြီ ၂၈ရက်က ဖော်လူဂျာမြို့ရှိ နေအိမ်သို့ပြန်မည့် အီရတ်မိသားစု တစ်စုကို အမေရိကန်တပ်ဖွဲ့ဝင်က အချိန်ကြာမြင့်စွာ စစ်ဆေးမေးမြန်းနေချိန်တွင် အီရတ်ကလေးငယ်တစ်ဦး မြေပြင်တွင်ထိုင်ကာ စောင့်မျှော်နေရသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်၌ ပြောက်ကျားတို့တိုက်ခိုက်မှု ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၈

ဧပြီ ၂၇ရက် အင်္ဂါနေ့က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရာ ယခုလအတွင်း၁၁၅ ဦးမြောက် သေဆုံးသူဖြစ်ကြောင်းနှင့် ယခုလသေဆုံးမှုဦးရေသည် ယမန်နှစ်က အီရတ်သို့ ဝင်ရောက်တိုက်ခိုက်သည့်စစ်ပွဲ ကာလအတွင်း သေဆုံးသူဦးရေနှင့် တူညီနေကြောင်း သိရသည်။

ပြသ

ဖော်လူဂျာမြို့၌ နေ့စဉ်နီးပါးတိုက်ခိုက်ခံနေရသော အမေရိကန်မရိန်းတပ်ဖွဲ့များက အင်္ဂါနေ့က ပြန်လည် တိုက်ခိုက်ခဲ့ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မအောင်မြင်ကြောင်း ပြသခြင်းဖြစ်သည်။

ပျက်စီး

အဆိုပါတိုက်ပွဲ၌ မရိန်းတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ပြီး အမြောက်အမြားဒဏ်ရာရရှိခဲ့ကာ အဆောက်အအုံများလည်း ပျက်စီးမှုရှိခဲ့သည်။ ဖော်လူဂျာတွင်တိုက်ပွဲများ ပြီးဆုံးရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း အမေရိကန်တို့က ပြောကြားနေသော်လည်း တိုက်ခိုက်ရေး လေယာဉ်နှစ်စင်းဖြင့် ပစ်မှတ်နေရာများကို ချေမှုန်းပစ်ခတ်ခဲ့သည်။

ဖြစ်ပွားဦးမည်

ယခုအချိန်အထိလည်း အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် ခုခံရန်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ နောက်ထပ်တိုက်ပွဲ များ ဖြစ်ပွားလာဦးမည့် အခြေအနေ၌ ရှိနေသည်။ **(စီအင်န်အင်န်)**

အီရတ်တို့အားမည်သို့သောအုပ်ချုပ်ရေးစနစ်လွှဲပြောင်းပေးမည်နည်းဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ကန်တို့အားမေးခွန်းထုတ်

မော်စကို ဧပြီ ၂၈

အီရတ်နိုင်ငံအား အုပ်ချုပ်ရေး တစ်စိတ်တစ်ဒေသလွှဲပြောင်းပေးမည့်အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်နှင့် ပတ်သက်၍ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က မတွေးတတ်အောင်ဖြစ်ရကြောင်း အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အမေရိကန် ပြည်ထောင်စုသည် အချုပ်အခြာ အာဏာကို အပြည့်အဝ ပြန်ပေးရန် မရည်ရွယ်ကြောင်း ကြေညာထားပြီးဖြစ်သည်။

မေးမြန်း

သို့ရာတွင် ယင်းနောက်ပိုင်း၌ ဘာဖြစ်မည်ကို မိမိတို့သိထားရန် လိုကြောင်း ဤသည်မှာ သိမ်းပိုက်မှုဖြစ်မည်လားဟူ၍ နိုင်ငံခြားရေး ဝန်ကြီးက မေးမြန်းခဲ့ကြောင်း ရုရှားသတင်း ဌာနများကရေးသား ဖော်ပြခဲ့ကြသည်။ အကယ်၍ ဤသည်မှာ သိမ်းပိုက်မှု ဖြစ်သည်ဟု ဆိုလျှင် အမေရိကန်တို့သည် အီရတ်တို့အား မည်သို့သော အချုပ်အခြာ အာဏာ စနစ်မျိုးကို ဇွန်၃၀ ရက်၌ လွှဲပြောင်း ပေးမည်နည်းဟု ရုရှားနိုင်ငံခြားရေး ဝန်ကြီးက မေးခွန်းထုတ်လိုက်သည်။

ဖွဲ့စည်းရမည်

အီရတ်အစိုးရအဖွဲ့သစ်ကိုသံသယကင်းသော အခြေခံပေါ်တွင် ဖွဲ့စည်းသင့်ကြောင်းအတိုက်အခံအဖွဲ့ အစည်းများအားလုံးကို ထည့်သွင်း ဖွဲ့စည်းရမည်ဖြစ်သော်လည်း အကြမ်းဖက်သမားများ မဟုတ်ကြောင်း ဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားသည်။

လက်တွေ့ကျ

အကယ်၍ အီရတ် အစိုးရအဖွဲ့ကို အီရတ်နိုင်ငံရေး အဖွဲ့အစည်းများ အားလုံးပါဝင်ပြီး ဖွဲ့စည်းမည်ဆိုလျှင် လူတိုင်း၏ လက်တွေ့ကျသော အကျိုးစီးပွားမှ နိုင်ငံရေးဖြစ်လာမည်ဟု မိမိပို၍ နားလည်သဘောပေါက်လာကြောင်း ဝန်ကြီးကပြောကြားသည်။ အီရတ်အစိုးရ ဖွဲ့စည်းရာတွင်ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် အီရတ်၏ အိမ်နီးချင်းများ ပါဝင်ဆောင်ရွက်သင့်ကြောင်း လက်ဗ်ရော့ဗ်က ပြောကြားသည်။

လွှဲပြောင်းရမည်

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ကောလင်းပါဝဲလ်က ဇူလိုင် ၁ရက်၌ အုပ်ချုပ်ရေး တာဝန်ယူမည့် အီရတ် ကြားဖြတ် အစိုးရသည် အချုပ်အခြာအာဏာအချို့ လွှဲပြောင်းရမည်ဖြစ်ကြောင်း တနင်္လာနေ့၌ ပြောဆိုခဲ့ပြီးနောက် လက်ဗ်ရော့ဗ်၏ ဝေဖန်ချက် ပေါ်ထွက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယ အိုင်တီအလုပ်သမားအင်အား လာမည့်၁၀နှစ်အတွင်း နှစ်သန်းရှိလာမည်

နယူးဒေလီ ဧပြီ ၂၈

အိန္ဒိယနိုင်ငံ၏ ပြန်ကြားရေးနည်းပညာ(အိုင်တီ)အလုပ်သမားထုအင်အားသည် လာမည့်၁၀နှစ်အတွင်း နှစ်သန်း ရှိလာမည်ဖြစ်ရာ လက်ရှိအိုင်တီအလုပ် သမားထုအင်အား ၆၅၀၀၀၀ နှင့် ၁၉၈၆ခုနှစ်က ရှိခဲ့သည့် ၆၈၀၀ထက်ကျော်လွန်သွားမည်ဖြစ်သည်။

အိုင်တီအတတ်ပညာရှင် အရေအတွက်သုံးဆမျှတိုးရရှိခြင်းသည် လခလစာဖောင်းပွမှုကို အသေအချာ ထိန်းချုပ်နိုင်မည်ဖြစ်သည်ဟု နယူးဒေလီအခြေစိုက် အီကိုနောမစ်သတင်းစာက ရေးသားဖော်ပြသည်။

အဆိုပါ သတင်းစာက ပိုလျှံအိုင်တီအတတ်ပညာရှင် ၄၈၀၀၀ အိန္ဒိယ နိုင်ငံတွင် ၂၀၀၈ခုနှစ်၌ ရှိလာမည်ဖြစ်ကြောင်း အိန္ဒိယအိုင်တီအစီရင်ခံစာကို ရည်ညွှန်းလျက် သတင်းစာကရေးသားဖော်ပြသည်။ ယခုအခါ ကမ္ဘာ့ဆော့ဖ် ဝဲအင်ဂျင်နီယာများ၏ သုံးပုံတစ်ပုံမှာ အိန္ဒိယမှဖြစ်သည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြေလျှောင်လှုပ်

ဧပြီ ၂၈ ရက်က ဂျပန်နိုင်ငံ မြောက်ပိုင်းတွင် ရစ်ချ်တာစကေး ၄ ဒသမ ၁ အင်အားရှိသော မြေလျှင်လှုပ်မှုကြောင့် ကားလမ်းမကြီး တစ်နေရာ၌ အက်ကွဲသွားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တပ်မတော်(ရေ)၊ ရေကြောင်းရဲညွှန့်လောင်းသင်တန်းဖွင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြော

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ပူးပေါင်းညှိနှိုင်း ဖွင့်လှစ်သော တပ်မတော်(ရေ)ရေကြောင်းရဲညွှန့်လောင်းသင်တန်း (မော်လမြိုင်စခန်း) (အခြေခံနှင့်တန်းမြင့်) သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲကို ဧပြီ ၂၆ရက် မွန်းလွဲ ၁နာရီတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမဌ်ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မောရဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဝင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကတိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် မောရဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဝင်းတို့က အမှာစကားအသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်မတော်(ရေ)ရေကြောင်း ရဲညွှန့်လောင်းသင်တန်း(မော်လမြိုင်စခန်း) အခြေခံသင်တန်းသို့ သင်တန်းသား ၅၀ နှင့် တန်းမြင့်သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝိုင်းမော်(မြို့သစ်)လမ်းပိုင်းရှိ လမ်းနှင့်တံတားများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ ကချင်ပြည်နယ်မှ

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မြို့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်ဆည်းပေးရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်ပေးလျက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံတော်အပိုင်းက တာဝန်ယူလုပ်ဆောင်ပေးရမည့် လုပ်ငန်းကြီးများကို လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ ဆေးရုံများနှင့် တက္ကသိုလ်၊ ကောလိပ်များအပြင် ဗန်းမော်နှင့် မိုးညှင်းဒေသများကို ဖွံ့ဖြိုးရေး ဒေသကြီးများအဖြစ် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်မှုနိုင်ငံ

မိမိတို့ နိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံအဖြစ်တည်ဆောက်လျက်ရှိကြောင်း၊ မိမိဒေသ ဝမ်းစာဖူလုံရေးအတွက် နွေစပါး၊ မိုးစပါး စိုက်ပျိုးကြရမည့်အပြင် ဆောင်းသီးနှံများ၊ ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များ၊ ဒေသနှင့်ကိုက်ညီမည့်သီးနှံပင်များကို စိုက်ပျိုးကြရန်လိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်လိုကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်၌ မြစ်ကြီးနား-ပူတာအိုလမ်း၊ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း-ရွှေဘိုလမ်း၊ ဖားကန့်-မိုးကောင်းလမ်း၊ မြစ်ကြီးနား-ဗန်းမော်-ငါးအို့-မန္တလေးလမ်းများ တိုးတက်ကောင်းမွန်ရန် အရှိန်အဟုန်ဖြင့် ဖောက်လုပ်ခြင်း၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လက်တွဲဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းများတွင် လိုအပ်သည့် ဒေသများ၌ ဖွံ့ဖြိုးရေးဒေသကြီးများ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုတွင် ကျေးလက်ဒေသများလည်း မကျန်ရှိရလေအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည် ဖော်လျက်ရှိကြောင်း။

ယင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြသူများသည် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် စေတနာထား အပင်ပန်းခံ၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

ဂျပ်မင်တံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဗန်းမော်-မြစ်ကြီးနားလမ်း၏(ဝိုင်းမော်-မြို့သစ်)လမ်းပိုင်းရှိ လမ်းနှင့်တံတားများကို ကြည့်ရှုစစ်ဆေးရန် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာလာပြီး ဝိုင်းမော်မြို့ သာဂရရပ်ကွက်အနီးရှိ ဂျပ်မင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကာ တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ဂျိတ်လင်းန်မြန်မာကုမ္ပဏီလီမိတက် လမ်းတံတားကော်မတီ အတွင်းရေးမှူး ဦးဒီဇော်အိန်နှင့် စီမံကိန်း အင်ဂျင်နီယာ ဦးတင်မြင့်တို့က ဗန်းမော်-မြစ်ကြီးနားလမ်း တိုးတက်ပြုပြင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး မန္တလေး-ဗန်းမော်-မြစ်ကြီးနားခရီး နေ့ချင်းရောက် သွားလာနိုင်ရသည်အထိ လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာပြီး အောင်မြေ(၁) တံတားတည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၄၅၄) မိုင်လေးဖာလုံနှင့် ၄၅၅ မိုင်အကြားရှိ တံတားအမှတ်(၃) တည်ဆောက်ရေးနှင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

မလိယန်တံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး မေ ၁၄ရက်တွင် ဆောက်လုပ်ပြီးစီးကာ ဩဂုတ်၁၅ ရက်တွင် ဖွင့်လှစ်ခဲ့သည့် မလိယန်တံတားကို ကြည့်ရှုစစ်ဆေးပြီး တံတားကြံ့ခိုင်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကန်တော်ယန်ကျေးရွာအနီး၌ မူလက ဖောက်လုပ်ခဲ့သောလမ်းသည် အတက်အဆင်းမြင့်မားမှုကြောင့် အတက်အဆင်း ပြေပြစ်စွာ အသစ် ဖောက်လုပ်ခဲ့သောလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကန်တော်ယန်ကျေးရွာ၌ ကျောက်ချောလမ်းခင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။ အဆိုပါကျောက်ချောလမ်းကို ကန်တော်ယန်ကျေးရွာမှ စ၍ လဂျားယန်ကျေးရွာအထိ ၂၄ မိုင်ခင်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ်(၄၃၈/၀) ရှိ ခါလားယန်ကျေးရွာမှ စတင်၍ နမ်ဆန်းယန်ကျေးရွာတို့ကို ဖြတ်သန်းကာ ကျောက်ချောလမ်းခင်းထားမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လဂျားယန်ကျေးရွာသို့ ရောက်ရှိရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မိုးလဲတံတား

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် လဂျားယန် ကျေးရွာမှ ဆက်လက်ထွက်ခွာလာပြီး တံတားအရှည် ၃၂၅ ပေရှိ မိုးလဲတံတားကြံ့ခိုင်မှုနှင့် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် ၄၁၈ ၌ စက်ယန္တရားဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တုံခုန်းကျေးရွာအနီး၌ ကုလားတောင် ရှောင်ကွင်းလမ်း ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကုလားတောင် ရှောင်ကွင်းလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိကြရာ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေါ့ဖုန်းယန်မြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံမှာကြားသည်။

ဖွံ့ဖြိုးရေးဒေသကြီး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထား၍ ကြိုးစားလုပ်ကိုင်သွားကြစေလိုကြောင်း၊ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ ဝန်ထမ်းများကလည်း ကျေးလက်ဒေသများသို့ မကြာခဏ သွားရောက်ပြီး လိုအပ်ချက်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဒေါ့ဖုန်းယန်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့ ပြည်သူ့ဆေးရုံနှင့် အခြေခံပညာ အထက်တန်းကျောင်း ဆောက်လုပ်မည့် မြေနေရာ ရွေးချယ်ထားရှိသည့် နေရာများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေါ့ဖုန်းယန် ရဲတပ်ဖွဲ့စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေါ့ဖုန်းယန်မြို့မှ ဆက်လက် ထွက်ခွာလာပြီး မြို့သစ်သို့ ရောက်ရှိကာ ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

ဟသ်ာတမြို့၏ မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဧပြီ ၂၉

ဧပြီ ၂၉ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟသ်ာတမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၆၇ မီလီမီတာ (၂ ဒသမ ၆၄ လက်မ) သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၃၇ နှစ်အတွင်း ဧပြီလအတွက် အများဆုံးတိုင်းထွာ ရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ဧပြီ ၂၉ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့၌ကျင်းပသည့် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ အကြိမ်(၆၀) နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိသရိယ ဆရာတော် ဘဒ္ဒန္တ ဇောတိပါလ၏ မွေးနေ့ပွဲနှင့် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ရေစက်ချအလှူပွဲတွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိသရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိပါလထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီးတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် မော်ကွန်းကျောက်စာကို နံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆဒ္ဒန်ရတနာတံတားကြီးပေါ်၌ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင်ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိသရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိပါလ အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာ

ထို့နောက် အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုး ရွာသွန်းသည်။

ယင်းနောက် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနိသရိယ ဆရာတော် သက်တော်(၈၃)နှစ် သိက္ခာတော်(၆၃)ဝါရှိ ဘဒ္ဒန္တဇောတိပါလ၏ မွေးနေ့ပွဲနှင့် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာ တံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီး ရေစက်ချအလှူပွဲကို နိဗ္ဗာန်ကျေးရွာ ဥတ္တရ မဟာဝိဟာရ ကျောင်းတိုက်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက် ပဓာနိသရိယ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိပါလထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက် ပဓာနိသရိယ ဆရာတော်ဘဒ္ဒန္တဇောတိပါလက အနုမောဒနာတရားဟောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များကလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိဗ္ဗာန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီးဦးသန်းရွှေအား ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့်

ဗီဒီယိုပြစက်ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)



ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍မေးမြန်းသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိဗ္ဗာန်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက် ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများလူနေမှုဘဝ မြင့်မားရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး လိုအပ်သည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးနေသည်နှင့်အညီ ဒေသနေပြည်သူများနှင့် မြို့နယ်တာဝန်ရှိသူများ ကိုယ်တိုင်ကလည်း ဝီရိယစိုက်ထုတ်ပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်နိဗ္ဗာန်ကျေးရွာရှိ ရှေးဟောင်း ဥတ္တရ မဟာဝိဟာရ ကျောင်းတိုက်အဆောက်အအုံကိုကြည့်ရှုကြသည်။

ဤကျောင်းတိုက်ကြီးကို ၁၂၉၀ ပြည့်နှစ်က တည်ဆောက်ခဲ့သည်။ ကျောင်းတိုက်ကြီး၏အကျယ်အဝန်းမှာ အလျားပေ ၁၂၀၊ အနံပေ ၁၀၀ ရှိပြီး အောက်ထပ် လှေကားကြီးနှစ်စင်း၊ အပေါ်ထပ် လှေကားကြီးနှစ်စင်း၊ အလျားပေ ၁၂၀ရှိ စင်္ကြံလမ်းတို့ပါရှိသည်။ ထို့ပြင် ကျောင်းတိုက်ကြီးမှာ တိုင်ပေါင်း ၁၃၃ တိုင်ရှိပြီး ကျောင်းသက်တမ်းမှာ ၇၆ နှစ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ယနေ့ ဆဒ္ဒန်ရတနာတံတားကြီး သိရီဇေယျာတံတားငယ်များ၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီးတည်ဆောက်ဖွင့်လှစ်ခဲ့သည့် နိဗ္ဗာန်ကျေးရွာသည် အမရပူရပထမမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီးလက်ထက်၌ ဆဒ္ဒန်ဆင်ဖြူပေါ်ထွက်ခဲ့သည့် ဘုရား ဇရပ် သိမ် ကျောင်းတန်ဆောင်း ရေကန်တို့ဖြင့် ခံ့ညားတင့်တယ်ခဲ့သည့် သမိုင်းဝင်ကျေးရွာကြီးတစ်ရွာဖြစ်သည်။

တည်ဆောက်ဖွင့်လှစ်

ယင်းနိဗ္ဗာန်ကျေးရွာ ဇာတိဖြစ်တော်မူသော ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယကတွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇောတိပါလ ဆရာတော်ကြီး၏ မေတ္တာရပ်ခံချက်အရ ဆရာတော်ကြီး၏ မွေးဖွားရာဇာတိဖြစ်သော ရတနာ ဆင်ဖြူတော်ပေါ်ထွက်ခဲ့ရာ နိဗ္ဗာန်ကျေးရွာတွင် ပြည်လုံးချမ်းသာလမ်းနှင့်ဥယျာဉ်တော်၊ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရီဇေယျာတံတားငယ်များကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းပြီး တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် ဆဒ္ဒန်ရတနာတံတားကြီးမှာ အောက်ခြေကွန်ကရစ်လွန်တူးပိုင် အပေါ်ထည် သံပေါင်အမျိုးအစားတံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ်မှာ ၁၂ ပေဖြစ်ကြောင်းသိရှိရသည်။

ပြည်လုံးချမ်းသာလမ်းမှာ နိဗ္ဗာန်ကျေးရွာနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွလမ်းမကြီးနှင့် ဆက်သွယ်မည့် လေးမိုင်အရှည် ကျေးလက်လမ်းဖြစ်ပြီး သိရီဇေယျာ တံတားငယ်များမှာ အဆိုပါ လမ်းပေါ်တွင် တည်ဆောက်ထားသည့် တံတားငယ်များ ဖြစ်သည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပဲခူးတိုင်း ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ ဆဒ္ဒန်ရတနာတံတားကြီး ဖွင့်ပွဲအပြီးတွင် တံတားကြီးပေါ်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)တရားတော်အသံလွှင့်မည်

ရန်ကုန် မေ ၂၉

၁၃၆၆ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) (၂၀၀၄ခုနှစ် မေ ၃ ရက်) တနင်္လာနေ့ နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)အမှူး ပြုသည့် ဆရာတော် ငါးပါးတို့က ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တရားတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ပါဠိတော်များကို အသံလွှင့်ဟောကြားတော် မူကြမည်ဖြစ်သည်။

(သတင်းစဉ်)

ပုပ္ပား(၂)မိုးကုတ်ဝိပဿနာကျောင်းတရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၉

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု(၁၁၃) ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ LL.B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ ဓမ္မစရိယ မဟာဓမ္မာစရိယတို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများလူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉ သို့ ဆက်သွယ် စာရင်းပေးသွင်းပြီး ကဆုန်လပြည့်ကျော် ၃ရက် မေ ၆ ရက်(ကြာသပတေးနေ့) အရောက်လာရမည်ဟုသိရသည်။

(က-ပ)

ထူးခြားသည့် နေ့အပူချိန်များ (၂၉-၄-၂၀၀၄)

မကွေး	၄၁ ဒီဂရီစင်တီဂရိတ်	(၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦး	၄၀ ဒီဂရီစင်တီဂရိတ်	(၁၀၄ ဒီဂရီဖာရင်ဟိုက်)
ပျဉ်းမနား	၄၀ ဒီဂရီစင်တီဂရိတ်	(၁၀၄ ဒီဂရီဖာရင်ဟိုက်)
မန္တလေး	၃၈ ဒီဂရီစင်တီဂရိတ်	(၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	၃၈ ဒီဂရီစင်တီဂရိတ်	(၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)

ချင်းတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ လှိုင်သာယာစက်မှုဇုန်လေ့လာ

ရန်ကုန် မေ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် တန်ခိုးကြီးဘုရားများဖူးမြော်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့၌ရောက်ရှိနေသော ချင်းပြည်နယ် ရေဇွာဒေသမှ ချင်း တိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၀ တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သန်းလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။ ယင်းနောက် ရတနာဆင်ဖြူတော်ဆောင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။ ထို့မှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Opal အထည်ချုပ်စက်ရုံ၊ Max အချိုရည်စက်ရုံနှင့် FMI ပဒေသာပင်မြို့တော်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ယုဇနပလာဇာသို့ သွားရောက်၍ ဈေးဝယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှဖလားပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူး

ရန်ကုန် မေ ၂၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧပြီ ၂၂ရက်မှ ၂၅ရက်အထိကျင်းပခဲ့သော ၂၀၀၄ခုနှစ် အာရှဖလား ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအမျိုးသား Regu နှင့် အမျိုးသမီး Regu အဖွဲ့တို့သည် တတိယကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်ခေါင်းဆောင်သော အဆိုပါ ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ဧပြီ ၂၇ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင်တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်

ရန်ကုန် မေ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့ တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား အိုက်ကွေ့နှင့် အိုက်ခမ်းတို့သည် အမ်- ၂၂ မောင်းပြန်ရိုင်ဖယ်(၁)လက်၊ ကာဘိုင်(၁)လက်၊ ကျည်အိမ်(၂) ခု၊ ကျည်(၁၅) တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သားအိုက်ကမ်းသည် အမ်-၂၁ မောင်းပြန် ရိုင်ဖယ်(၁)လက်၊ ၎င်းကျည်(၅) တောင့်တို့ဖြင့်လည်းကောင်း။

လဲလှယ်ဝင်ရောက်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အက်စ်ယူအာရ်အေ တောတွင်းလက်ကိုင်အဖွဲ့တပ်မဟာ(၇၅၉)၊ ရင်း (၂၄၁) မှတပ်ကြပ်အဆင့်ရှိ အိုက်စွမ်းသည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ ၎င်းကျည်(၂၈) တောင့်တို့ဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အေအယ်လ်ပီတောတွင်း လက်နက်ကိုင်အဖွဲ့မှ ကိုနိုင်(ခ)နဒီသည် အေကေ-၄၇မောင်းပြန်ရိုင်ဖယ် (၁)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ၎င်းကျည်(၃၅)တောင့်တို့ဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားထန်ကိန်း၊ အင်အုပ်နှင့်တန်ကျဲအိုတို့သည်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ဗကပ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိအေးထွေးသည်လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့မှတပ်သား စောကဖောနှင့် ချနော့တို့သည် ကာဘိုင်(၁)လက်၊ အမ်-၂၂မောင်းပြန်ရိုင်ဖယ်(၁)လက်၊ အမ်-၇၉ လောင်ချာ(၁)လက်၊ ကျည်အိမ်မျိုးစုံ(၂)ခု၊ ကျည်မျိုးစုံအတောင့် (၄၀)၊ ဗုံးသီး(၅)လုံးတို့ဖြင့် လည်းကောင်း။

မွန်ခွဲထွက် တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုဗိုလ်အဆင့်ရှိ အောင်မြင့်၊ ဒုတပ်ကြပ်အဆင့်ရှိ အပလိုင်၊ တပ်သားအောင်ခိုင်နှင့် အောင်မြင့်တို့သည် အေကေ-၄၇မောင်းပြန် ရိုင်ဖယ်(၂)လက်၊ ခြောက်လုံးပြူး (၁)လက်၊ ကျည်အိမ် (၂)ခု၊ ကျည်အတောင့် (၄၀)တို့ဖြင့်လည်းကောင်း၊ တပ်စုမှူးအဆင့်ရှိ ဟာလယ်သည် ခြောက်လုံးပြူး (၁)လက်၊ ၎င်းကျည်(၁)တောင့်၊ လက်ပစ်ဗုံး (၁)လုံး၊ လမ်းလျှောက်စကားပြောစက် (၁)လုံးတို့ဖြင့်လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်းလက်နက်ကိုင်အဖွဲ့၊ စည်းရုံးရေးတပ်ခွဲမှ တပ်သားစောမာတင်းနှင့်ဇနီး မအေးချိုတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် (၁)လက်၊ ၎င်းကျည်အိမ် (၅)ခု၊ ၎င်းကျည်အတောင့် (၉၀)၊ နင်းမိုင်း (၃)လုံးတို့ဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့မှ တပ်သားမျိုးလွင်သည် လက်ပစ်ဗုံး(၁)လုံးတို့ဖြင့်လည်းကောင်း၊ တပ်မဟာ (၄)တိုက်ခိုက်ရေးတပ်ခွဲမှ တပ်သားစောဘော်ဝင်၊ စောစတာဒေး၊ စောဒါဘာ၊ စောအော်မူး၊ စောကာသဲနှင့်ဦးတာပွန်တို့သည်လည်းကောင်း၊ တပ်မဟာ(၄) ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ ဒေးဒေး၊ ဒုဗိုလ်အဆင့်ရှိ စောထူးထူးနှင့်စောခွားခွား၊ တပ်ကြပ်ကြီးအဆင့်ရှိ ကယ်လင်းနှင့် စောလင်းချစ်၊ တပ်သားဉာဏ်တင်၊ စောဒါးနှင့် ကျော်ဝင်းတို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် (၁)လက်၊ အေကေ-၄၇ မောင်းပြန်ရိုင်(၁)လက်၊ ကျည်အိမ်မျိုးစုံ(၂)ခု၊ ကျည်မျိုးစုံ (၄၂)တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သားသန်းဝင်း၊ စောအေးနှင့် စောအေး မြင့်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် (၁)လက်၊ ၎င်းကျည်အိမ် (၁)ခု၊ ၎င်းကျည်(၁၄)တောင့်တို့ဖြင့်လည်းကောင်း၊ တပ်မဟာ(၄) ရင်း(၁၀)မှ ဒုအရာခံဗိုလ်အဆင့်ရှိ စောကာသဲနှင့် စောကပေါ၊ တပ်ကြပ်ကြီး အဆင့်ရှိ ချာခွီး၊ တပ်သား မောင်မောင်နှင့် စောလယ်စားတို့သည် အမ်-၁၆မောင်းပြန်ရိုင်ဖယ်(၃)လက်၊ အမ်အေ-၃မောင်းပြန်ရိုင်ဖယ် (၁)လက်၊ အေကေ-၄၇ မောင်း ပြန်ရိုင်ဖယ်(၁)လက်၊ ကျည်အိမ်မျိုးစုံ (၁၃)ခု၊ ကျည်မျိုးစုံအတောင့် (၁၄၀)၊ မိုင်း(၈)လုံးတို့ဖြင့်လည်းကောင်း၊ အင်န်ဒီအေတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားစိုးထိုက်နှင့် ဇနီးမသူဇာအေး၊ သမီးမချိုလွင်ထူး၊ တပ်သားမြစ်လေးအောင်နှင့်ဇနီး မဝင်းကြည်၊ သားစိုးနိုင်ဝင်းနှင့် မိခင်ဒေါ်လှ၊ နယ်မြေခံရွာသားဦးသန်းဝင်းနှင့်ဇနီး မနုအေး၊ သားမောင်ထွန်း၊ အစ်မမနုရီနှင့် တူမမအေးအေး၊ နယ်မြေခံရွာသား ဦးထွန်းအောင်တို့သည် အမ်-၁ (၁)လက်၊ ၎င်းကျည်(၁၀)တောင့်၊ လက်ပစ်ဗုံး (၂)လုံးတို့ဖြင့်လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့ကြသူ ၅၄ ဦးအား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူ များက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ရန်ရှိနေသေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂၉

လယ်တီဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်(၃၃၇/က) ပြည်လမ်းလယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇၁) ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို မေ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သားငါးပွဲ့ပြိုး ပြည်အကျိုး

ဘိုးဘိုးဘွားဘွား ပြည့်ခွန်အား

အောင်စည်ဟိန်း

၂၀၀၃ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့ထုတ် "The New Light of Myanmar " သတင်းစာတွင် အသက် ၆၅ နှစ်ကျော် သက်ကြီးဦးရေ များပြားသည့် နိုင်ငံအချို့အကြောင်း ပါရှိသည်။ အသက် ၆၅ နှစ်နှင့်အထက်ရှိသူ ဦးရေမှာ ဂျပန်နိုင်ငံတွင် လူဦးရေ၏ ၁၉ရာခိုင်နှုန်း၊ အီတလီတွင် ၁၈ဒသမ ၂ရာခိုင်နှုန်း၊ ဂျာမနီတွင် ၁၇ဒသမ ၁ ရာခိုင်နှုန်းနှင့် ပြင်သစ်တွင် ၁၆ဒသမ ၁ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီ၏ ၂၀၀၁ခုနှစ် စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၆၅ နှစ်နှင့် အထက်ရှိသူ ဦးရေ ၂၆၄၇၀၀၀ ရှိသဖြင့် လူဦးရေ၏ ၅ ဒသမ ၂၈ ရာခိုင်နှုန်းခန့် ရှိကြောင်း တွေ့ရသည်။

သက်ကြီးရွယ်အို များပြားသည့် နိုင်ငံများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ်ကြပြီး ယင်းနိုင်ငံများ၏ စီးပွားရေးစီမံကိန်း လိုအပ်ချက်အရ ချမှတ်ခဲ့သည့် လူဦးရေ ထိန်းချုပ်မှုစနစ်ကြောင့် ယခုကဲ့သို့ သက်ကြီးဦးရေ များပြားနေရခြင်းဖြစ်သည်။ ရေရှည်တွင် လူငယ်ထုအင်အား နည်းပါးလာမည့်အရေးနှင့် ကာယလုပ်သားများ ပြည်ပမှ တင်သွင်းရမည့်အရေးသည် ရင်လေးရမည့် ပြဿနာအဖြစ် ယင်းနိုင်ငံအစိုးရများက ခံယူထားသည်။ မြန်မာနိုင်ငံတွင် ၂၀၀၃ခုနှစ် စာရင်းအရ လူဦးရေ ၅၂သန်းကျော်အနက် အသက် ၆၀ နှင့် အထက် ဦးရေမှာ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် သားသမီးဦးရေ ကန့်သတ်ခြင်းမရှိသဖြင့် စီးပွားရေး၊ ကျန်းမာရေး ပတ်ဝန်းကျင်အခြေခံ ကောင်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ အိမ်ထောင်ပြုနှုန်းနှင့် လူဦးရေတိုးနှုန်းများလည်း မျှတကောင်းမွန်နေမည် ဖြစ်သည်။

၁၉၉၉ခုနှစ်မှစ၍ အောက်တိုဘာလ ၁ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) အဖြစ် သတ်မှတ်ကျင်းပရန် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ခဲ့သည့်အတွက် မြန်မာအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက နှစ်စဉ်အောက်တိုဘာလ ၁ရက်နေ့ ရောက်တိုင်း **'အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့'** အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ယင်းအခမ်းအနားများတွင် သက်ကြီးရွယ်အိုများအား ချီးကျူးဂုဏ်ပြုခြင်း၊ ငွေ၊ ပစ္စည်း၊ စားဖွယ်သောက်ဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်းများကို နိုင်ငံအလိုက် ယဉ်ကျေးမှုဓလေ့ထုံးစံအလိုက် ပြုလုပ်ကြသည်မှာ မွန်မြတ်သော လုပ်ငန်းစဉ်အဖြစ် ရှင်သန်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းအခမ်းအနားမျိုး သတ်မှတ်ဆောင်ရွက်ခြင်း မပြုမီအတိတ်ကာလရှည်လျားစွာကပင် ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့်အညီ သက်ကြီးရွယ်အိုများအပေါ် ရိုသေမြတ်နိုးပူဇော်ကြသည့် အစဉ်အလာကောင်းများ ရှိနှင့်ပြီး ဖြစ်သည်။ ကျွန်တော်တို့ ငယ်စဉ်က ဘိုးဘွားမိဘများကိုလည်းကောင်း၊ ဘိုးဘွားမိဘများ မရှိတော့လျှင် အသက်ကြီးသော အစ်ကိုအစ်မများကိုလည်းကောင်း ဝါဝင်ဝါထွက်၊ မြန်မာနှစ်ဆန်းတစ်ရက်နှင့် ခရီးဝေးထွက်ခွာခါနီးကာလများတွင် အထူးပြု ကန်တော့လေ့ရှိပြီး သာမန်အားဖြင့် ညအိပ်ရာမဝင်မီ ကန်တော့လေ့ရှိသည်။ မိမိတို့ နေအိမ်မှာသာမက ရပ်ကွက်အတွင်းရှိ ဘိုးဘွားများ၊ ဆရာသမားများကိုပါ နေ့ကြီးရက်ကြီးများတွင် တစ်အိမ်တက်ဆင်း လှည့်လည်ကန်တော့လေ့ရှိသည့် မြန်မာ့ဓလေ့မှာ ဂုဏ်ယူဖွယ်ကောင်းလှသည်။

ကျွန်တော် ယခုရေးသားတင်ပြလိုသည့် အချက်မှာ ဖော်ပြခဲ့သော သက်ကြီးရွယ်အိုများထဲမှ တိုင်းကျိုးပြည်ပြုစွမ်းအားရှိသူများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ခွန်အားတစ်ရပ်အဖြစ် ပိုမိုပါဝင်နိုင်အောင် တွေးခေါ်မြော်မြင်ရေးပဲ ဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင် သာမန်အားဖြင့် အသက် ၅၀ ဝန်းကျင်သည် ဘိုးဘိုးဘွားဘွားဟု စတင်ခေါ်ခံရသည့်အရွယ်ဖြစ်သည်။ တစ်နည်းအားဖြင့် **'ဂျူနီယာ ဘိုးဘိုးဘွားဘွားများ'** ဟုခေါ်နိုင်သည်။ လူ့ဘဝအတွေ့အကြုံများထဲက အဆိုးအကောင်းသင်ခန်းစာများ ရတန်သလောက်ရရှိခဲ့ပြီး အသင့်အတင့် ရင့်ကျက်မှုရှိနေသူများလည်း ဖြစ်သည်။ အသက် ၆၀ ကျော် ၇၀ ဝန်းကျင် ရှိလာသည့်အခါ **'စီနီယာ ဘိုးဘိုးဘွားဘွားများ'** ဖြစ်လာကြသည်။ လောကဓံတရားကို ပို၍နားလည်ခံယူတတ်လာပြီး လူ့ပတ်ဝန်းကျင်အပေါ် ပေးဆပ်ခြင်းများစွာဖြင့် ပေးဆပ်နိုင်စွမ်းသောအရွယ်များလည်း ဖြစ်ကြသည်။ မြန်မာ့အတိတ်နှင့်ပစ္စုပ္ပန်သမိုင်းတွင် သာသနာရေး လောက၊ ပညာရေးလောက၊ စာပေလောက၊ အနုပညာလောက စသည်တို့၌ အများပြည်သူတို့၏ အသိအမှတ်ပြုခြင်းခံရသော ပုဂ္ဂိုလ်ကြီးများကိုကြည့်လျှင် အများစုမှာ စီနီယာဘိုးဘိုးဘွားဘွား အရွယ်များပင် ဖြစ်မည်ထင်သည်။

စာရေးဆရာအောင်ဝင်း(စိတ်ပညာ)၏ **'စိတ်တန်ခိုးဖြင့် တိုးတက်ချမ်းသာပါ'** ဟူသော စာအုပ်တွင် ယခုလိုတွေ့ရသည်။ သာမန်အားဖြင့် လူတို့သည် ဦးနှောက်ကိုသုံးရာတွင် ၁၀ ရာခိုင်နှုန်းမျှသာ သုံးလေ့ရှိပြီး၊ ၉၀ ရာခိုင်နှုန်းမှာ အိပ်စက်ခိုင်းထားသလိုရှိနေကြောင်း၊ အသက် ၃၀ အရွယ်ထက် အသက် ၆၀ အရွယ်၏ ဦးနှောက်သည် ပိုမိုပျော့ပျောင်းပြီး တီထွင်နိုင်စွမ်းလည်း ပိုမိုကြောင်း၊ အသက်ကြီးရုံမျှနှင့် ဦးနှောက်က မအိုနိုင်ကြောင်း၊ အိပ်စက်သလိုရှိနေသည့် ဦးနှောက်ကို နိုးကြားစေခြင်းဖြင့် အလုပ်စွမ်းအား ပိုမိုရရှိခံစားနိုင်ကြောင်း၊ စိတ်ဝင်စားဖွယ် အလုပ်အသစ်အသစ်တို့ကို တစ်ခုပြီးတစ်ခု မနားတမ်းလုပ်ကိုင်နေခြင်းဖြင့် စိတ်ကို နုပျိုငယ်ရွယ်စေကြောင်း၊ စိတ်ထားမှုမှန်လျှင် သွေးလှည့်ပတ်မှု မှန်ကန်ခြင်း၊ အစာကြေချက် အားကောင်းခြင်း၊ ရုပ်ဆင်းကြည်လင်ခြင်း စသည့် ချမ်းသာသုခများ ရရှိနိုင်ကြောင်း မှတ်သားဖွယ် တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် သာမန်အားဖြင့် ဝန်ထမ်းများ အသက် ၆၀ ပြည့်လျှင် ပင်စင်ယူသည်။ ပင်စင်ယူပြီးနောက် ငါအိုပြီ၊ နားရတော့မည်ဟူသောအသိက ဦးစွာလွှမ်းမိုးလေ့ရှိသည်။ ပင်စင်စားများအနက် ဘာသာရေး၊ သာသနာရေးဘက်သို့ လိုက်စားသွားသူအချို့ရှိသည်။ များသောအားဖြင့် ဘာသာရေး၊ စီးပွားရေး၊ အားကစား၊ လူမှုရေးရာစသည့်ကိစ္စများတွင် အဆင်ပြေသလို သင့်ရာသင့်ရာ ပါဝင်လှုပ်ရှား ဆောင်ရွက်လေ့ရှိကြသည်။ တတ်သိပြီးသော စာပေပညာဖြင့် တစိုက်မတ်မတ် ဝန်ဆောင်မှုပေးနေသော ပုဂ္ဂိုလ်များလည်း အနည်းအပါးရှိသည်။ တချို့လည်း မည်မည်ရရအလုပ်ဟူ၍ မရှိဘဲ ကလေးထိန်း၊ ကျောင်းပို့ ကျောင်းကြိုစသည့် ဗာဟီရအလုပ်နှင့် ဇာတ်မြောနေသူများလည်း ရှိတတ်သည်။ ဝန်ထမ်းမဟုတ်ကြသည့် အသက် ၆၀ ကျော်များ၏ ဘဝထိုထို သည်လည်း ဤနည်းနှင်နှင်ဖြစ်လိမ့်မည် ထင်သည်။

ဖွံ့ဖြိုးပြီး ဥရောပနိုင်ငံတချို့တွင် ဘိုးဘိုးဘွားဘွားအများစုသည် လူပျိုအပျိုတုန်းကလိုပင် သန့်သန့်စင်စင်၊ ပြုပြုပြင်ပြင်၊ လှပသပ်ရပ်စွာ ဝတ်စားဆင်ယင်လေ့ရှိကြပုံ၊ စာကြည့်တိုက်များ၊ ပြတိုက်များတွင် အချိန်ဖြုန်းတတ်ပုံ၊ အပန်းဖြေဥယျာဉ်များ၊ ကဇာတ်ရုံများတွင် အနားယူအပန်းဖြေကြပုံ၊ ပြည်တွင်းပြည်ပ၊ အထူးသဖြင့် လေကြောင်းလိုင်းများဖြင့် ဗဟုသုတရှာ အပျော်ခရီးထွက်တတ်ကြပုံများကို ဖတ်လည်းဖတ်ဖူး၊ မြင်လည်းမြင်ဖူးခဲ့သည့် ကျွန်တော့်အဖို့ မြန်မာ့ယဉ်ကျေးမှုနှင့် နှိုင်းယှဉ်စဉ်းစားမိသည်။ အနောက်တိုင်းယဉ်ကျေးမှုထုံးစံအရ တစ်နှစ်တွင် တစ်ကြိမ်နှစ်ကြိမ်သာ မွေးနေ့၊ ခရစ္စမတ်စသည့် အထိမ်းအမှတ်လက်ဆောင်များကို သားသမီးက မိဘဘိုးဘွားထံ ပေးပို့ခြင်းဖြင့် ပီတိဖြစ်ကြသည်။ သားသမီးနှင့်မိဘအတူနေပြီး မိဘဘိုးဘွား များအား အနီးကပ် ပြုစုစောင့်ရှောက်မှုမျိုးသည် ရှားရှားပါးပါးဖြစ်သည်။ သာမန်အားဖြင့် ဘိုးဘွားများ၏ အားထားရာသည် ကျန်းမာရေးအာမခံထားရှိရာ ဆေးရုံနှင့် ဘိုးဘွားဂေဟာသာဖြစ်သည်။ ဘိုးဘွားများအဖို့ သားသမီးနှင့် ဝေးရာတွင် အထီးကျန်ငြီးငွေ့ဖွယ်ဘဝဖြင့် ဇာတ်သိမ်းကြရသည်ကများသည်။

မြန်မာမှုနယ်ပယ်တွင် မိဘဘိုးဘွားတို့ မိသားစုနှင့်အတူနေရင်း ပြုစုစောင့်ရှောက်မှုကို ခံယူနိုင်ကြသည်။ အားကိုးရာမဲ့သူ တချို့လောက်သာ ဘိုးဘွားရိပ်သာ၏ စောင့်ရှောက်မှုကို ခံယူကြသည်။ ကျွေးမွေးနိုင်သည့် သားသမီးရင်းချာများရှိပါလျက် လူမှုရေးအကြောင်းများကြောင့် မလွှဲမရှောင်သာ ရိပ်သာတွင် ခိုလှုံကြရသည့် ဘိုးဘွားအချို့လည်းရှိတတ်ကြောင်း တွေ့ဖူးသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ယဉ်ကျေးမှုထုံးတမ်းဓလေ့ချင်းမတူနိုင်သည့် အချက်ပေါင်းများစွာ ရှိသည့်အနက် အဓိကအကျဆုံး အချက်မှာ **"လောကအမြင်ခံယူချက်"** နှင့် **"လူ့ယဉ်ကျေးမှု ဖွဲ့စည်းထူထောင်ပုံစနစ်"** ဖြစ်မည်ဟု ကျွန်တော်ထင်သည်။

သို့ဖြစ်ပေရာ ငွေဖြင့်ဝယ်မရနိုင်သည့် ဘဝအတွေ့အကြုံများနှင့် သဘာဝလက်ဆောင်ဖြစ်သည့် စွမ်းအားပြည့်ဦးနှောက်ကို ပိုင်ဆိုင်ထားကြသည့် သက်ကြီးရွယ်အိုများ၏ လူသားအကျိုးပြုလုပ်ဆောင်ဖွယ်ရာများကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာ လုပ်ဆောင်နိုင်အောင် ဝိုင်းဝန်းစောင့်ရှောက်ရေးနှင့် တိုင်းကျိုးပြည်ပြုစွမ်းအားရှင် ဘိုးဘိုးဘွားဘွားများ၏ ခွန်အားကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် နိုးနိုးကြားကြား ပါဝင်နိုင်အောင် တွေးခေါ်မြော်မြင်ရေးသည် ကျွန်တော်တို့ပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

ရှင်သာမဏေဓမ္မဗိမာန် ပိဋကတ်မြန်မာပြန်သင်တန်း

ရန်ကုန် ဧပြီ ၂၉

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်တော်များကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်နိုင်စေရန် ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့ ပိဋကတ်ပညာရှင်ကြီးများက သင်ကြားပို့ချမည်ဖြစ်သည်။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာ တရားတော်များ၏ အနှစ်သာရကို နားလည်သိရှိခြင်းဖြင့် ဘဝတွက်တာ ဆောင်ရွယ်ဖွယ်ကိစ္စများကို မှန်ကန်စွာ သုံးသပ် ဆုံးဖြတ်နိုင်၍ ဗုဒ္ဓအလိုတော်ကျ အောင်မြင်အောင်ဆောင်ရွက်နိုင်ကြမည်။ သင်တန်းကို မေ ၈ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ စတင်ပို့ချမည်ဖြစ်ရာ ရှင်သာမဏေဓမ္မဗိမာန် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး အာဇာနည်လမ်း ဗဟာန်းတွင် စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၃၀-၄-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ ဆို၊က၊ရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Concepts of Equilibrium (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅း၃၀ ၁၀။ ပညာခေတ်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၁၅)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၃၇)

မြို့ထောင့် အေးငြိမ်းချမ်းသာစေတီ ထီးတင်ပွဲ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့ ထောက်ကြန့် ပုပ္ပားကျောင်းတိုက်နာယက ဘဒ္ဒန္တပဏ္ဍိစ္စ၏ ဩဝါဒညွှန်ကြားမှုဖြင့် ဘုရင့်နောင်ပွဲရုံတန်း ရေတမာလမ်း သိမ်းပွဲရုံ ဦးကြင်မောင်-ဒေါ်ခင်ဝင်း၊ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်အေးတို့အား အမှူးထား၍ ကိုလှအောင်(ခ) အကျွမ်း၊ မငြိမ်းငြိမ်းအေး မိသားစုတို့က ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တွင်း၌တည်ထားသော မြို့ထောင့် အေးငြိမ်းချမ်းသာ စေတီတော်မြတ်ကြီးအား ထီးတော်၊ စိန်ဖူးတော်တင်ပွဲ၊ ဌာပနာပိတ်ပွဲ၊ အနေကဇာတင်ပွဲ၊ ဘဒ္ဒန္တပဏ္ဍိစ္စအား (၁၂၆)ကြိမ် သိင်္ကန်ထပ်ပွဲ၊ ဒုလ္လဘ ရဟန်းခံပွဲ၊ ရှင်ပြုပွဲကို ၁၃၆၆ ခုနှစ်ကဆုန်လပြည့်နေ့(မေ၃)ရက်တွင် ကျင်းပမည်ဟုသိရသည်။ **(က-ပ)**

ဧပြီ ၂၈ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲကို စံပြဖဆပလရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ်ဦးစီးဌာနမှူး ဒေါ်မြမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၅၉)

တရားဟောကြားမည်

ရန်ကုန် ဧပြီ ၂၉

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်ကျောင်းတိုက်မှ သာမဏေကျော် ဓမ္မာစရိယ ဓမ္မကထိက ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဆရာတော်အရှင် အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဧပြီ ၂၉ ရက်၌ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဓမ္မပီယ ကျောင်းတိုက် ပဋ္ဌာန်းပွဲအကြို ဓမ္မသဘင်၊ မေ ၁ ရက်၌ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မလွန်ဆန်လှူ ဓမ္မသဘင်၊ မေ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့၌ ပြည်မြို့ဦးကံမြင့် မိသားစု ဓမ္မသဘင်၊ မေ ၁၃ ရက်၌ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး စွယ်တော်မြတ်ပူဇော်ပွဲ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုပါက စစ်ကိုင်းတိုင်း ရွှေသဟင်္ဘာ ဖုန်း-၀၇၂-၂၂၁၇၀၊ ရန်ကုန်ရဟန်းအမကြီး ဒေါ်ညွန့်မေ ၀၁-၆၅၁၁၉၄၊ ရဟန်းမယ်တော်ကြီးဒေါ်ညို တစ်ဆင့်ဖုန်း ၀၁-၆၆၄၉၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပုသိမ်တံတားတည်ဆောက်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး ရန်ကုန်–ပုသိမ်လမ်းတိုးတက်ကောင်းမွန်ရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာဝန်ကြီးသည် ရန်ကုန်–ညောင်တုန်းလမ်းအပိုင်း၏ လမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများလမ်းအထူးအဖွဲ့(၄)က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မိုင်တိုင်၄၃/၀ ကြိမ်ပင်ဆည်မှ မိုင်တိုင်၈၀/၀အထိ နိုင်လွန် ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများ၊ လမ်းအထူးအဖွဲ့(၁၆)နှင့်ပုသိမ်ခရိုင်တို့က တာဝန်ယူဆောင်ရွက်နေသည့်ကံကလေးလမ်းဆုံမှ ပုသိမ်အထိ လမ်းသား မြှင့်တင်ခြင်းလုပ်ငန်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီးများအား မိုးမကျမီ သတ်မှတ်ထားသည့် လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် နေ့ဆိုင်းညဆိုင်းများခွဲ၍ဆောင်ရွက်ကြရန်မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး မရမ်းချောင်းဘက်ကမ်းရှိ လုပ်ငန်းပြီးစီးမှုများနှင့် ကမ်းနီဘက်ကမ်းသို့ ရေယာဉ်ဖြင့်သွားရောက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါပုသိမ်တံတားသည်ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်းလမ်းပေါ်တွင် ငဝန်မြစ်ကိုမရမ်းချောင်းရွာနှင့် ကမ်းနီရွာတို့ကိုဖြတ်၍ တည်ဆောက်နေခြင်း ဖြစ်ပြီး ချောင်းသာကမ်းခြေ၊ သာပေါင်း၊ ငွေဆောင်ကမ်းခြေတို့ကို သွားရောက်နိုင်သည့် အဓိကတံတားတစ်စင်းဖြစ်သည်။ **(သတင်းစဉ်)**

ရမည်းသင်းမြို့နယ် ကျီစု–ဝကုန်း အလယ်တန်းကျောင်းခွဲ အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရမည်းသင်းမြို့နယ် ကျီစု–ဝကုန်း အလယ်တန်းကျောင်းခွဲ အတွက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် အထူးဒေသ(၆) ငြိမ်းချမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၊ မိုင်းရှူးရတနာမြေမှ ဦးနေဝင်းထွန်းမိသားစုနှင့် မိုင်းရှူးရတနာမြေတွင်သွားရောက်လုပ်ကိုင်နေကြသော ကျီစုကျေးရွာမှ အဖွဲ့သားများက လှူဒါန်းသော အလှူငွေကျပ် ၈၁၀၀၀၀ပေးအပ်ပွဲကို ကျီစုကျေးရွာရှိ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ အလှူငွေများကို ကျောင်းအုပ် ဆရာနကြီး ဒေါ်နီအား ပေးအပ်လှူဒါန်းရာ လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(က–ပ)

စာအောင်သာသနာ့အာဇာနည်များချီးကျူးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၉

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအားအောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့်ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် နယုန်လဆန်း ၄ ရက် (မေ ၂၂ရက်) စနေနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းမဏ္ဍာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒနှစ်ပါး၊ တိပိဋကဓရတစ်ပါး၊ မူလ အဘိဓမ္မကောဝိဒနှစ်ပါး၊ ဒီဃဘာဏကငါးပါး၊ ဝိနယကောဝိဒကိုးပါး၊ ဝိနယဓရ ၁၆ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒလေးပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၃ ပါး စုစုပေါင်း စာအောင်သံဃာ ၈၂ပါး အပါအဝင် ပင့်သံဃာ ၂၁၂ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်သဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း–၆၆၀၇၆၆ ထံတွင်လည်းကောင်း၊ ဧပြီ ၂၆ ရက်မှ မေ ၂၁ ရက်အထိ ဝိဇယမင်္ဂလာ ဓမ္မသဘင်အနောက်ဘက် အလှူခံမဏ္ဍပ်တွင်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုစွန်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းဖွဲ့စည်းရေးအခမ်းအနားကို မေ ၄ရက်(အင်္ဂါနေ့) နံနက် ၈နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပမည် ဖြစ်ရာ ပုစွန်လုပ်ငန်းနှင့် ဆက်နွှယ်လုပ်ကိုင်နေကြသောလုပ်ငန်းရှင်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပတ္တမြားနဂါးနှင့်လယ်/ဆည်သရေကျ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပတ္တမြားနဂါးအသင်းနှင့် လယ်/ဆည်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

လယ်/ဆည်အသင်းအတွက် ခင်မောင်လွင်က ဦးဆောင်ဂိုးသွင်းယူပြီး ပတ္တမြားနဂါးအသင်းအတွက် ဘရန်နန်းက ချေပဂိုးသွင်းယူပေးသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို လယ်/ဆည်အသင်းမှ ခင်မောင်လွင်က ရရှိသည်။

သစ်တောရေးရာနိုင်

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် သစ်တောရေးရာအသင်းက လျှပ်စစ်စွမ်းအားအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို သစ်တောရေးရာအသင်းမှ အောင်မြင့်သိန်းက ရရှိသည်။

ယနေ့ပွဲ

ဧပြီ ၃၀ရက်(ယနေ့)ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် တပ်မတော်(ကြည်း)အသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက်ငွေနှင့်ပစ္စည်းလှူဒါန်း

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က မေလတွင် ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရိန်(မောင်စိုးထိုက်–သုံးဆယ်)နှင့် ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်းကော်မတီဝင်များ၊အလှူရှင်များတက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

အလှူငွေပေးအပ်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်ညွှန့်(ကျော်ညွှန့်ရည်)–ဒေါ်ဝါဝါကျော်တို့ကငွေကျပ် ၅၀၀၀၀၀၊စာရေးဆရာမိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)က **(အပေါ်ပုံ)** ငွေကျပ် ၅၀၀၀၀၀၊ တေးသံရှင် မောင်မောင်အေး (အလင်္ကာဝတ်ရည်)စာရေးဆရာမောင်ဟေမာက ငွေကျပ် ၃၀၀၀၀၀၊ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သိရိသုဓမ္မသိင်္ဂီ(လူမှုထူးချွန်ပထမဆင့်) ဒေါ်မိမိခင်က ငွေကျပ် ၁၀၀၀၀၀၊ ဦးဝင်းဆွေ(WYZ,Co)–ဒေါက်တာရီရီလှ(စာရေးဆရာမ ယုဝတီခင်ဦး)တို့ကငွေကျပ် ၁၀၀၀၀၀၊ ဦးသိန်းထွန်း(ထွန်း ဖောင်ဒေးရှင်း)က ငွေကျပ် ၁၀၀၀၀၀၊ ဦးမောင်မောင်မြင့်အေး(လာဘ်မိုးဆွေ–စာပေ)က ဒုတိယအကြိမ် ငွေကျပ် ၂၀၀၀၀၀တန်ဖိုးရှိ သုတ/ ရသစာအုပ် ၁၀၀တို့ကိုအသီးသီးပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)ကလက်ခံပြီးဂုဏ်ပြုလွှာကိုပြန်လည် ပေးအပ်သည်။

အလှူငွေဖြစ်စေ၊အလှူပစ္စည်း ဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိစာပေဗိမာန် ဒုတိယထပ် ဖုန်း–၂၅၄၁၇၃၊၂၅၂၄၁၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၄ ရန်ကုန်ကုန်သွယ်မှုဇဟိုဌာန၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာတုန်းတာကုန်စည်ပြပွဲ၂၀၀၄ “Myanmar Tong Tah Trade Fair 2004”ကို မေလ ၁၉ရက်မှ ၂၃ရက်ထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန် သွယ်မှုဇဟိုဌာနတွင် စည်ကားသိုက် မြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲကို ပြည်တွင်းပြည်ပကုမ္ပဏီများမှ တင်သွင်းရောင်းချသော အထည်အလိပ်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ် ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူ စာရေးကိရိယာပစ္စည်း အမျိုးမျိုး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ စက်ကိရိယာပစ္စည်းအမျိုးမျိုးတို့အပြင် Tong Tah Co.,Ltd.သည် Pentel, Carl, Max, Midori, Sam Wang, Tae yang, Hello Kitty, Comix, Helix, Panaco အမှတ်တံဆိပ်ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာအမျိုးမျိုး၊ My Shaldan, (Daily Fresh) ARS, Kobayashi အမှတ်တံဆိပ်ကား အိမ်ခန်းသုံး၊ ရေချိုးခန်းသုံး ရေမွှေးများ၊ Oriental Koshin အမှတ်တံဆိပ် လယ်ယာ စိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ Makita, Maktec အမှတ်တံဆိပ် လက်သမားသုံး ပစ္စည်းများ၊ Turtle Wax, Soft 99အမှတ်တံဆိပ်ကား ပေါလစ်များ၊ WD-40 အမှတ်တံဆိပ် သံချေးချွတ်ဆေးများ၊ Granja, Kaaz အမှတ်တံဆိပ်မြက်ရိတ်စက်များ၊ V-Tech,Oci, Orgafixအမှတ်တံဆိပ်ကော် အမျိုးမျိုး၊ Stihl, Oleomacအမှတ်တံဆိပ် သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယမ် လှေကားများ၊ Yamahaအမှတ် တံဆိပ်မီးစက်များ၊ Sanwa အမှတ်တံဆိပ် Multi Tester အမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုးတို့ကို Star Entertainment Co.,Ltd.နှင့်ပူးပေါင်း၍ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ စက်မှုဇုန်များမှထုတ်လုပ်သော မော်တော်ကားများကိုလည်း ခင်းကျင်းပြသရောင်းချသွားမည့်အပြင်တုန်းတာကုမ္ပဏီပြခန်းများတွင် ကုန်ပစ္စည်းများကို ၁၀ရာခိုင်နှုန်းလျှော့၍ အထူးနှုန်းဖြင့်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ ပြည်တွင်းပြည်ပလုပ်ငန်းရှင်ကြီးများအနေဖြင့် Tong Tah Company Ltd. ဖုန်း–၂၉၅၆၁၃၊ ၂၉၈၁၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။ အထူးအစီ အစဉ်အဖြစ်ပန်းချီရေးဆွဲပြိုင်ပွဲကို ဝါသနာရှင်အဆင့်၊အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်(၁)နှင့်မူလတန်းအဆင့်(၂)ဟူ၍သတ်မှတ်ထားပြီးအဆင့်များ အားလုံးအတွက် ခေါင်းစဉ်မှာ ဝဿန်မိုးရှုခင်းခေါင်းစဉ်ဖြင့် ကျင်းပမည် ဖြစ်ရာမေ၁၀ရက်နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်သည်။

(သတင်းစဉ်)

ဧပြီ၂၉ရက်က ခုံအား ကျဆင်းမှု ကူးစက်ရောဂါနှင့်ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများ မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ကာလသား) ဒေါက်တာမြင့်ရွှေက ရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးရှင်းလင်းစဉ်။

(မြန်မာ့အလင်း)

မေ ၂၈ရက်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၃၂) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ Panda Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (ဟိုတယ်/ခရီး)

ပုဂံမြို့ ကုသိနာရုံလျောင်းတော်မူဘုရားကြီး ဘက်စုံမွမ်းမံရန်ငွေလှူဒါန်း

ရန်ကုန် မေ ၂၈

ပုဂံမြို့ ကုသိနာရုံ လျောင်းတော်မူဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရေးအတွက် မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိ သီတင်းသုံးလျက်ရှိသော အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်း ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရသည် အလှူငွေကျပ် ဆယ်သိန်းတိတိကို ပုဂံမြို့ ကုသိနာရုံဘုရားကြီးတွင် မေ ၂၄ရက်က လှူဒါန်းရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက လက်ခံရယူသည်။

အခမ်းအနားသို့ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ မြို့နယ်အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် ကုသိနာရုံဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှမောင်နှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (က-ပ)

မွေးမြူရေးနှင့်ရေလုပ်ငန်းဒုတိယဝန်ကြီး ဦးအောင်သိန်း အခွန်လွတ်ဈေးများရှိ သား/ ငါး အရောင်းဆိုင်များ စစ်ဆေး

ရန်ကုန် မေ ၂၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၇နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဟင်းသီးဟင်းရွက် သား/ငါး ကိုယ်တိုင်ထုတ်လုပ်သူများ၏ နဝဒေး အမှတ်(၁)အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် ငါးလုပ်ငန်း ဦးစီးဌာန တို့က ဖွင့်လှစ်ရောင်းချလျက်ရှိသော သား/ငါး အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သား/ငါးများကို ဈေးနှုန်းချိုသာစွာဖြင့်စားသုံးသူများထံသို့ အချိန်မီရောင်းချနိုင်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ်ရှိ ဟံသာဝတီအခွန်လွတ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟောပြော

မေ ၂၇ရက်က အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲကို ကြို့ကုန်းအရှေ့ရပ်ကွက်၊သီရိရတနာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ထူးက ပညာပေးဟောပြောစဉ်။ (က-ပ)

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် မေ ၂၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)က ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၏ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင် မေ၁ရက်မှ ၇ရက် အထိ ညစဉ် ၆နာရီခွဲမှ ၈နာရီအထိ လည်းကောင်း၊ ခုနစ်ရက် တရားစခန်းအဖြစ် ကလောမြို့ အမှတ်(၁)ရပ်ကွက် သိမ်တောင်ကျောင်းတိုက်၌ မေ၁၀ရက်မှ ၁၆ရက်အထိလည်းကောင်း၊ ကလောမြို့ မြို့မ ကျောင်းတိုက်တွင် ညစဉ်၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင်ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ယခုအပတ် မြန်မာဇာတ်ကားသစ်ရုံမဝင် 'ကာရန်အလွဲ' ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မေ ၂၈

ယခု သောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။

မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ပုညခင်၏ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးသည့် **'ကာရန်အလွဲ'** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။

'ကာရန်အလွဲ' ဇာတ်ကားတွင် တောသူတောင်သား ရိုးသားပြီး ချမ်းသာကြွယ်ဝသူ မိဘနှစ်ပါးမှ မွေးဖွားလာသည့် ရွှေမိုးညို၊ ရန်ကုန်မြို့တွင် နေထိုင်ပြီး ကုမ္ပဏီသူဌေးမိဘနှစ်ဦးမှ မွေးဖွားလာသည့် ချစ်စနိုး။

သူတို့နှစ်ဦး ဆယ်တန်းအသီးသီးအောင်ပြီး တက္ကသိုလ်ရောက်သောအခါ ချောမောလှပပြီး ကိုယ်တိုင်ကားမောင်းကျောင်းတက်သည့်ချစ်စနိုးနှင့် ရိုးသားပြီး ရှေးဆန်ဆန်နေတတ်သော ရွှေမိုးညိုတို့ဆုံစည်းပုံ၊ ချစ်သူများဖြစ်သွားကြပုံနှင့် ဘွဲ့ရပြီးသောအခါ နှစ်ဦးသဘောတူ လက်ထပ်ပြီး အိမ်ထောင်ရှင်ဘဝ၌ နှစ်ဖက်မိဘများ မပြေလည်ပုံတို့ကို ဟာသနှောရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

'ကာရန်အလွဲ' ဇာတ်ကားတွင် ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာနှင့် နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

ရွှေဆောင်နှင့် နေပြည်တော် အဆင့်မြင့်ရုံများတွင် သရုပ်ဆောင် Tom Cruise,Ken Watanabe တို့ ပါဝင်သရုပ်ဆောင်ထားသော The Last Samurai ဇာတ်ကား ဆက်လက်ပြသနေသည်။ The Last Samurai ဇာတ်ကားသည် ဂျပန်မေဂျီဘုရင်ခေတ်ကို နောက်ခံထား ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဂျပန်စစ်တပ်ကို ခေတ်မီအောင် ပြုပြင်လိုသူ ဂျပန်ဧကရာဇ်မေဂျီနှင့် ပြုပြင်ပြောင်းလဲရေးကိုမလိုလားသူ ဆာမူရိုင်းခေါင်းဆောင်တို့ ယှဉ်ပြိုင်တိုက်ခိုက်ပုံများကို ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူးပြီး ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊အိန္ဒြာကျော်ဇင်နှင့်မေသဥ္ဇာဦး တို့ ပါဝင်သရုပ်ဆောင်ထားသည့် **'ပေါ့ပေါ့ပါးပါးပြုံး'** ဇာတ်ကား ဝဇီရာ၊ ရွှေဗဟို၊ ရောဝတီနှင့်ဘုရင့်နောင်ရုံများတွင် ပြသလျက်ရှိသည်။

သိန်းရုပ်ရှင်ဖြန့်ချိရေးမှ ရှရွတ်ခန်းနှင့်ရာနီးမူကာဂျီးတို့ ပါဝင်သရုပ်ဆောင်ထားသော Chalte Chalte အိန္ဒိယဇာတ်ကား ဘုရင်ရုံတွင် ရုံဝင်လာသည်။ တန်းမြင့် မြို့မရုပ်ရှင်ရုံတွင် Ashay Kumar,Kareena Kapoor တို့ ပါဝင်သရုပ်ဆောင်ထားသော Talaash ဇာတ်ကား ရုံဝင်လာသည်။

ဇမ္ဗူတလူ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ဇာတ်ညွှန်းအောင်မြင်၊ ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးပြီး အကယ်ဒမီကျော်သူ၊ ရာဇာနေဝင်း၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသဥ္ဇာဦးနှင့် ခိုင်နှင်းဝေတို့ပါဝင်သရုပ်ဆောင်ထားသော **'အတ္တပင်လယ်'** ဗီဒီယိုဇာတ်ကား ရွှေဂုန်ရုံတွင် ရုံဝင်လာသည်။

လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာ အကယ်ဒမီ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသည့် **'ချစ်လူမိုက်'** ဇာတ်ကား မေ ၇ရက်တွင် ရုံဝင်လာမည်ဖြစ်သည်။ ချစ်လူမိုက်တွင် လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်နှင့် ပုလဲဝင်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။

(မြန်မာ့အလင်း)

ကာရန်အလွဲ ဇာတ်ကားမှ ဒွေး၊ နန္ဒာလှိုင်နှင့် စိုးမြတ်သူဇာ။

ချစ်လူမိုက် ဇာတ်ကားမှ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်။

The Last Samurai ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၂၀၀၄ခုနှစ် မေလမှစ၍ ငါးနှစ်စီမံချက်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သစ်တောရေးရာဝန်ကြီးဌာန၏ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မှော်ဘီမြို့ရှိ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန၌ ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက်ကို ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များဖြစ်သည့် သဘာဝတောများ ထိန်းသိမ်းခြင်း၊ သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် စိုက်ခင်းဟောင်းများ ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် စံပြသစ်တောကျေးရွာများ တည်ထောင်ခြင်း၊ လူထုပူးပေါင်းပါဝင်လာစေမည့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထင်းအစားထိုး လောင်စာသုံးစွဲရေးလုပ်ငန်း ဖော်ထုတ်ခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝ ကျွန်းတော ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်း၊ သစ်တောသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းရန် ဆည်တာတမံကြီးများ တည်ဆောက်ပေးထားရာ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်အရခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်သူလူထုက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန်နှင့် သစ်တောသစ်ပင်ခုတ်ယူ ထုတ်လုပ်မှုကို စနစ်တကျထုတ်ယူသုံးစွဲတတ်ရန်အတွက် မှာကြားသည်။

ထို့နောက် အစည်းအဝေးအစီအစဉ် ပထမပိုင်းကို ခေတ္တရပ်နားပြီး အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှော်ဘီမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၌ ကျင်းပသည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ထ-ပ-ဆ)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၉ရက် နံနက်တွင် ပုသိမ်ညွန့် ၉လမ်းရှိ ဓမ္မဇေယျာပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သင်တန်းသား/သူ ၁၅၀တို့ တက်ရောက်ကြသည်။**(အပေါ်ပုံ)** အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်တို့က ဩဝါဒစကား မြွက်ကြားကာ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(က-ပ)

မီးသတ်တပ်ဖွဲ့ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့်ယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်တပ်ဖွဲ့ကျင့်ဝတ်စာမေးပွဲ၊ ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆိုပွဲကိုယနေ့နံနက်ပိုင်းတွင်မီးသတ်သင်တန်းကျောင်း၌ကျင်းပသည်။

မီးသတ်တပ်ဖွဲ့ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့် ယှဉ်ပြိုင်ဖြေဆိုခြင်းအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အရာရှိကြီးများ၊ အရာရှိအဆင့်၊ အကြပ်အဆင့်၊ အခြားအဆင့် ယှဉ်ပြိုင်ဖြေဆိုသည့်နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

မီးသတ်တပ်ဖွဲ့ကျင့်ဝတ်၊ ဗဟိုအဆင့်ယှဉ်ပြိုင်ဖြေဆိုပွဲသို့မီးသတ်ဦးစီးဌာနချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းနှင့်ပြည်နယ်/တိုင်းမီးသတ်ဦးစီးဌာနများမှ အရာရှိအဆင့် ၁၆ဦး၊ အကြပ်အဆင့် ၁၇ ဦး၊ အခြားအဆင့် ၁၇ ဦး၊ စုစုပေါင်း ၅၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မေ ၅ ရက် တွင်ကျရောက်မည့် (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ပရိသတ်များ နှစ်ခြိုက်သဘောကျနေသည့် ကိုရီးယားမင်းသား၊ မင်းသမီးများကို မြန်မာပြည်သို့ ဖိတ်ခေါ်၍ အနုပညာ လှုပ်ရှားမှုပြုလုပ်ရန် စီစဉ်ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုပထမအဆင့်အနေဖြင့် ကိုရီးယားတေးသံရှင်များနှင့် ပဒေသာကပွဲ စတင်ကျင်းပခြင်းဖြစ်ကြောင်း၊ မကြာမီကာလအတွင်း မိမိတို့ရည်ရွယ်ချက်များကို အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကိုရီးယားတေးသံရှင်များအနေဖြင့် မြန်မာသီချင်းများကိုပါ ချစ်ကြည်ရင်းနှီးစွာ သီဆိုဖြေဖျော်ပေးမည်ဖြစ်ပြီး ယနေ့ခေတ်ပေါ်လူငယ်ကြိုက် သီချင်းများကိုပါ ထိထိမိမိ သီဆိုနိုင်သည်ကို အံ့သြစွာတွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီစဉ်တင်ဆက်သူ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင် (ပြဇာတ်ကျွမ်းကျင်သူ)က မြန်မာနှစ်ပါးခွင်တွင် နာမည်ကြီး လူရွှင်တော်ကြီးများနှင့် မေသဥ္ဇာဦးကို မင်းသားအသွင် သရုပ်ဆောင်ကပြစေမည်ဖြစ်ပြီး မင်းသမီးမှာ မေသန်းနုဖြစ်ကြောင်း၊ ကျော်ကြားခဲ့သော ရုပ်ရှင်တေးသီဆိုမှု အစီအစဉ်များအပြင် မြင်ရခဲ တွေ့ရခဲသော ရာမပန်းစိုက်ကကွက်ကို ဇော်ဦး(ဖျာပုံ)နှင့် ရုပ်ရှင်သရုပ်ဆောင် မျိုးသန္တာထွန်းတို့က ကပြကြမည်ဖြစ်ကြောင်း၊ မြန်မာ-ကိုရီးယားနှစ်နိုင်ငံမှ တေးသံရှင်များက တေးသံသာများနှင့် ဖျော်ဖြေမှုအစီအစဉ်ကိုလည်း စိတ်ဝင်စားဖွယ် စီစဉ်ထားကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင် အမှူးပြုသော ရုပ်ရှင်အစည်းအရုံးမှ ပုဂ္ဂိုလ်များ၏ ပံ့ပိုးမှုနှင့် သရုပ်ဆောင်သင်တန်းဆင်းများ ကူညီပံ့ပိုးမှုများနှင့်အတူ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရာဇာနေဝင်းနှင့်သူ၏အဖွဲ့ ပါဝင်သရုပ်ဆောင်မည့် 'ဒါပဲဖူးစာ'ဟာသပြဇာတ်နှင့် ပတ်သက်၍ ဒါရိုက်တာဝင်းထွန်းထွန်းကို တွေ့ဆုံမေးမြန်းရာ ပြဇာတ်မှာ ဖူးစာရှင်ရှာသောဇာတ်လမ်းဖြစ်ပြီး ဇာတ်ဆောင်နာမည်များကို မြန်မာတို့နှစ်ခြိုက်ကြသည့် ကိုရီးယားဇာတ်ကောင်နာမည်များဖြစ်ကြောင်း၊ ဥပမာ ဒါရိုက်တာ ယွန်မီ၊ ဆန်းမီ၊ ဆောင်းဦး၊ ထယ်နီးစသည့် နာမည်များပါဝင်ပြီး ဟာသဖြင့် ပြည်သူများအပန်းပြေစေရန် ရည်ရွယ်ထားပါကြောင်း၊ အဆိုပါ 'ဒါပဲဖူးစာ'ဟာသပြဇာတ်တွင် ဒါရိုက်တာရင်နှင့် ရာဇာရွှေဘတို့၏ အကြမ်းအရမ်း ထိုးကြိတ်ခန်းများကို စိတ်လှုပ်ရှားဖွယ် တင်ဆက်ကပြမည်ဖြစ်ကြောင်း ဒါရိုက်တာဝင်းထွန်းထွန်းက ပြောကြားသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး ပဒေသာကပွဲကြီးကို မေ ၁ ရက်နှင့် ၂ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် တင်ဆက်ကပြကြမည်ဖြစ်ပြီး မြန်မာအနုပညာရှင်များဖြစ်သည့် ရာဇာနေဝင်းနှင့်သူ၏အဖွဲ့၊ ဗျိုက်၊ ကေတုဝင်းထွဋ်၊ ရန်ပိုင်စိုး၊ ညောင်ညောင်၊ မိုးဒီ၊ မော့(စ်)၊ စိန်ရိုး၊ မေသန်းနု၊ မေသဥ္ဇာဦး၊ မျိုးသန္တာထွန်း၊ ရတနာခင်၊ ခင်မျိုးအေး၊ ဖြူဖြူအေးနှင့် ရုပ်ရှင်သရုပ်ဆောင်သင်တန်းဆင်းများ ပါဝင်ကြမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံမှ ကျော်ကြားသည့် တေးသံရှင်များဖြစ်ကြသော Mr.C.Y Kim၊ Mr. B.H Jeoung၊ Mr. S.H On၊ Ms. Jeon, Yu-Na-Ms. Park, Young Mi-Mr. Choi, Soung Jim နှင့် ကိုရီးယားမှ အဖွဲ့သားများ ပါဝင်ကူညီကြမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးအသင်းက ကြီးမှူးပြုလုပ်သော မြန်မာအနုပညာရှင်များနှင့် ကိုရီးယား တေးသံရှင်များ ပူးပေါင်းတင်ဆက်မည့် ချစ်ကြည်ရေး ပဒေသာကပွဲတွင် ပါဝင်သီဆိုဖြေဖျော်ရန် ကိုရီးယားနိုင်ငံမှ နာမည်ကြီးတေးသံရှင်များ ဧပြီ ၂၉ ရက်ညက လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပန်းစည်းဆက်ကြိုဆိုသော မြန်မာအနုပညာရှင်များနှင့်အတူ တွေ့ရစဉ်။

(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

စူပါသတင်းဂျာနယ် အမှတ်(၁၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၉

ဧပြီ ၂၉ ရက်ထုတ် စူပါသတင်းဂျာနယ် အမှတ်(၁၁)တွင် ဒွေးဘာကြောင့် စူပါဖြစ်ရသလဲ၊ လွင်မိုးနဲ့ ကိုးဂဏန်းဆက်စပ်မှု၊ သူများသီချင်း ပြန်ဆိုမိရင်မူရင်းသီချင်း ဖျက်ဆီးတယ်လို့ အထင်ခံရမှာကြောက်တဲ့ ဖြိုးကြီးအကြောင်း၊ သရုပ်ဆောင်မလုပ်နိုင်တော့တဲ့အခါ နဝရတ်ဘာလုပ်မလဲ၊ ဘောလုံးသမားစိုးမြတ်မင်းနှင့် ၂၀၀၄ သင်္ကြန်၊ ဗီစီဒီကာရာအိုကေအောင်မြင်မှ ကက်ဆက်ခွေ ရောင်းချရသောအကြောင်း၊ တင်ဇာမော်နှင့် Metal Zone ကိစ္စ၊ ပရိဂျူဆာ နန္ဒာလှိုင်ရဲ့ နော်လီဇာ ကာရာအိုကေ၊ လွန်ခဲ့တဲ့ ခုနစ်နှစ်က တေးရေးဆရာ ခုနစ်ယောက်၏အကြောင်း၊ ပုလဲဝင်းမက်ခဲ့သည့် အိပ်မက်သုံးခုအကြောင်း၊ အောင်ဟိဏ်း(ကျိုက်ထော်)၏ ဗီဒီယိုရုပ်ရှင် စူပါဖြစ်လျှင် ဆောင်းပါး၊ ဒေးဗစ်ဘက်ဟမ်း ကောလာဟလတွေကို ဘယ်လိုချေဖျက်လိုက်သလဲ အပါအဝင် စိတ်ဝင်စားစရာ အနုပညာရေးရာသတင်း၊ အင်တာဗျူးနှင့် ဆောင်းပါးများပါဝင်ပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။

(က-ပ)

စုပေါင်း
ကာကွယ်
မီးအန္တရာယ်

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများဆက်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား/အမျိုးသမီး တင်းနစ်ပြိုင်ပွဲများကို သိမ်ဖြူတင်းနစ်ကွင်းတွင် ဆက်လက်ကျင်းပရာ အမျိုးသား အသက် (၅၅)နှစ်အထက် အကြိုဗိုလ်လုပွဲတွင် ဘက်ဟမ်း (လက်ပြန်ရိုက်ချက်)အားသန်လှသည့် ဗိုလ်ချုပ်ကျော်ဝင်း(အောက်ပုံ)က ဦးခင်မောင်သန်း (အိုလံပစ်အသင်း)ကို (၆–၃)(၆–၁)ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသား (က) အဆင့် ကွာတားဖိုင်နယ်ပွဲတွင် သံလွင်အသင်း လာရောက်ယှဉ်ပြိုင်ခြင်း မရှိ၍ သစ်တောအသင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသား(ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ချန်ပီယံအသင်း၊ တော့ပ်စတားအသင်း၊ ရောဝတီအသင်းနှင့်မော်နီးစတားအသင်းတို့အသီးသီး အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အကြိုဗိုလ်လုပွဲတက်

အမျိုးသား အသက် (၁၆)နှစ်အောက် ကွာတားဖိုင်နယ်ပွဲများတွင် ဝင်းထက်ပိုင်က နေဇော်လတ်ကို နှစ်ပွဲ ပွဲမရှိ၊ အေးချမ်းသူက ရမစ်ကို နှစ်ပွဲပွဲမရှိ၊ အဇီးက မျိုးသက်ပိုင်မလာရောက်၍လည်းကောင်း၊ သန်းဇော်ထွန်းက ကျော်မိုးနိုင်ကို နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

အမျိုးသား အသက် (၁၂)နှစ်အောက်ကွာတားဖိုင်နယ်ပွဲစဉ်များတွင် တင်မျိုးဝေက ခိုင်ထူးကို နှစ်ပွဲပွဲမရှိ၊ရာဇာထွန်းကကျော်ဝဏ္ဏသက်လွင်ကို နှစ်ပွဲ ပွဲမရှိ၊ အောင်ကိုဦးက ငြိမ်းထက်ပိုင်ကို နှစ်ပွဲပွဲမရှိ၊ ကျော်မြင့်သန်းက စိုးထက်နိုင်ကို နှစ်ပွဲတစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက် သွားကြသည်။

အနိုင်ရရှိ

အမျိုးသားအသက် (၁၀)နှစ်အောက်အကြိုဗိုလ်လုပွဲတွင် ရဲလင်းစိုးက သက်ဇော်ထက်ကိုလည်းကောင်း၊ အောင်စစ်သည်ဇော်က ဒယ်နီယယ်ကိုလည်းကောင်း အသီးသီး အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲအဖြစ် ဧပြီ ၃၀ရက် နံနက်ပိုင်းတွင် အေမီထွန်းနှင့် ကြည်မြဇော်တို့ ဗိုလ်လုမည်ဖြစ်ပြီး မေ ၁ ရက်တွင် အမျိုးသမီးနှစ်ယောက်တွဲပွဲ ဗိုလ်လုပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

အမျိုးသမီးအသက် (၁၄) နှစ်အောက်အကြိုဗိုလ်လုပွဲတွင်ခိုင်ငြိမ်းသာက နှင်းလပြည့်ကို နှစ်ပွဲပွဲမရှိ၊ သက်မာထွန်းက သဉ္ဇာအောင်ကို နှစ်ပွဲပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ယနေ့ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်း ဗိုလ်လုပွဲနှင့် အကြိုဗိုလ်လုပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား **MRTV-4** တွင် ရုပ်သံကျွမ်းကျင် (၂) (လစာနှုန်း ကျပ် ၅၄၀၀–၁၀၀–၅၉၀၀)ရာထူး(၅၀) နေရာ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၁၅–၅–၂၀၀၄) ရက်နေ့တွင် အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်ရ။
- (ဂ) ဘွဲ့ရပြီးသူဖြစ်ရမည်။
- (ဃ) အအေးခန်းတွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၅) နှစ်တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်သို့(၁၅–၅–၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်–
- (က) ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ
- (ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ် မိတ္တူ (သို့မဟုတ်) ခိုင်လုံသော အထောက်အထား တစ်ရပ်ရပ်တင်ပြနိုင်ရမည်။
- (ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း
- (ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ(ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်ရေးသားရန်)
- (င) မြို့နယ်အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခ ပုံစံ(၂) ဓာတ်ပုံ မိတ္တူ(၁)စောင်
- (စ) ဝင်ကြေးငွေကျပ် ၁၅၀/ ပေးသွင်းသည့် ချလန်မူရင်း(သို့မဟုတ်) စာတိုက် ငွေပို့လွှာ (Money Order) ပြေစာမူရင်း

၄။ ဝန်ထမ်းများသည် မိမိတို့၏ လျှောက်လွှာများကို တာဝန်ထမ်းဆောင်ရာဌာန အဖွဲ့ အစည်းများမှ တစ်ဆင့် (၁၅–၅–၂၀၀၄) ရက်နေ့ နောက်ဆုံးထား၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ပေးပို့ရမည်။
(ကြိုတင်မိတ္တူကို တိုက်ရိုက်ပေးပို့ရမည်။)

၅။ စာမေးပွဲဝင်ကြေးငွေကျပ် ၁၅၀/ ကို ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃) ငွေစာရင်းအမှတ် ၊အမ်ဒီ–၀၀၁၉၃၆သို့လည်းကောင်း၊ ကျန်ပြည်နယ်/ တိုင်းမြို့နယ်များအတွက် သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤဦးစီးဌာနသို့ ငွေပို့လွှာ (Money Order) ဖြင့်ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန (ရုံးချုပ်) တယ်လီဖုန်း အမှတ် –၅၂၇၁၂၂၊ လိုင်းခွဲ (၁၄၅)တွင် စုံစမ်းနိုင်ပါသည်။



ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်၃၆၊ ဘီ(၅) အလံပြဘုရားလမ်းနေ
(ဦးမြသိန်း)–ဒေါ်သန်းခင်တို့၏သားလတ်

မောင်သန်းလင်း

PSA Corporation Limited (Singapore) နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၀၈၊ ဒုတိယထပ်(ဝဲ) ဆိပ်ကမ်းသာလမ်းနေ
ဦးကျော်လှ(မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်မြမြ (မြန်မာ့သစ်လုပ်ငန်း–ငြိမ်း)တို့၏သမီးငယ်

မသီတာကျော်လတ်

B.Sc (Maths) L.C.C.I (Level III)

တို့သည် နှစ်ဖက်သောမိဘတို့၏ သဘောတူညီချက်အရ ၂၉–၄–၂၀၀၄ ရက် (ကြာသပတေးနေ့) တွင် ရန်ကုန်တိုင်းတရားရုံး၌ လက်မှတ်ရေးထိုး ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန်းလင်း–မသီတာကျော်လတ်။

လက်ထပ်ပြီးစီးခြင်း

သုဝဏ္ဏမြို့၊ ရေနံ့သာလမ်း၊ ပုလဲလမ်းသွယ်၊ အမှတ် ၈၅/၃ နေ
(ဦးတင်အုံး၊ တိုင်းမန်နေဂျာ၊ ငြိမ်း) MSLE–(ဒေါ်အေးမြင့်)တို့၏သား၊

မောင်သက်ခိုင် B.Com ACCA Prart(II)

Total Exploration & Production Myanmar

နှင့်

သုဝဏ္ဏမြို့၊ လုံးချင်းအိမ်ရာ၊ ခွန်နီလမ်းသွယ်၊ အမှတ် ၈၃ နေ
ဦးထွန်းဖေ (Chief Officer Gewin Maritime)–(ဒေါ်သိန်းမေ)တို့၏
တစ်ဦးတည်းသောသမီး

မဇင်မာထွန်း M.Sc.,Part (I)(Zoology) Dagon University

တို့သည် နှစ်ဖက်သော မိဘအုပ်ထိန်းသူများ၏ခွင့်ပြုချက်အရ ၂၉–၄–၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် ဗဟိုတရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်း၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘအုပ်ထိန်းသူများနှင့် မောင်သက်ခိုင်–မဇင်မာထွန်း။

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

ရန်ကုန်အနောက်ပိုင်းခရိုင်– နယ်တရားမရုံးတော်၌ ၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၁၁၈ နှင့် ဆက်သွယ်သည့် ၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ် ၃၈၊

ဦးထွန်းမြင့် ၁။ ဦးစိုးစိုးလွင် အမှတ်၊ ၁၃၂၊မြေညီထပ်၄၀လမ်း၊အလုံမြို့နယ်
ဒီကရီအနိုင်ရသူ နှင့် ၂။ ဦးမောင်မောင်လေးအမှတ်–၄၇၇၊ရတနာလမ်း၊လှိုင်သာယာမြို့နယ်
တရားရှုံး။

တရားရှုံး ၁။ ဦးစိုးစိုးလွင် နှင့် ၂။ ဦးမောင်မောင်လေးသိစေရမည်။

ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးထွန်းမြင့်က လျှောက်ထား သည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၄ ခုနှစ် မေလ ၅ ရက်(၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်) နေ့ မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၄ ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့် (တရားသူကြီး) ခရိုင်တရားသူကြီး

အာဆင်နယ် ချန်ပီယံဖြစ်သွားသော်လည်း ပွဲမပြီးသေးသည့် ပရီမီယာရှစ်

ဟိန်းသန့်

ရန်ကုန် ဧပြီ ၂၉

ပရီမီယာရှစ်ချန်ပီယံဆုကို အာဆင်နယ်တို့ သုံးနှစ်အတွင်း ဒုတိယအကြိမ် လက်ဝယ်ပိုင်ပိုင် ရရှိသွားခဲ့ပြီ ဖြစ်သည်။

ပွဲစဉ်(၃၅)၌ အာဆင်နယ်က တော့တင်ဟမ်နှင့် ၂-၂ သရေကျသွားသည့် အချိန်၌ ချယ်လ်ဆီးက နယူးကာဆယ်ကို ၂-၁ဖြင့် ရှုံးနိမ့်သွားခဲ့ရာ အာဆင်နယ်က ချယ်လ်ဆီးထက် တစ်ပွဲလျှော့ကစားပြီး ၁၀ မှတ်ဖြတ်ထားနိုင်ခဲ့သည်။ ချယ်လ်ဆီးမှာ လက်ကျန် သုံးပွဲစလုံးနိုင်မှ ကိုးမှတ်သာ ရတော့မည်ဖြစ်ရာ အာဆင်နယ်ကိုမမီနိုင်တော့။ သည်တော့ ပွဲစဉ်(၃၅)အပြီးမှာပဲ အာဆင်နယ် ပရီမီယာရှစ် ချန်ပီယံ တရားဝင်ဖြစ်သွားခဲ့ပြီ ဖြစ်သည်။ ချန်ပီယံပေါ် ထွက်သွားပြီဖြစ်၍ ပရီမီယာရှစ်၌ ချန်ပီယံလိဂ်ဝင်ခွင့်၊ ယူအီးအက်ဖ်အေဝင်ခွင့်နှင့် အတန်းမဆင်းရရေးအတွက် ရုန်းကန်မှုများသာ ကျန်တော့သည်။ ထိုအနေအထားများ ရရေး စိတ်အေးရဖို့၊ သည်တစ်ပွဲအမှတ်ရဖို့ လိုနေသေးသည်။ ထို့အပြင် မန်ယူကိုတွေ့တိုင်း ဘလက်ဘန်းတို့ မခံချင်စိတ်ဖြင့် တုံ့ပြန်ကစားလေ့ရှိရာ သည်တစ်ပွဲကိုလည်း မန်ယူတို့ ခက်ခက်ခဲခဲ နွှဲရမည့်ပုံပေါ်နေသည်။ ပြီးခဲ့သည့် ငါးရာသီအတွင်း ဘလက်ဘန်းကွင်း၌ သည်နှစ်သင်း သုံးကြိမ်ပြိုင်ခဲ့ရာ သုံးကြိမ်စလုံး မန်ယူမနိုင်ခဲ့သည်ကလည်း ရှိနေသည်။ သို့ရာတွင် ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်အပေါ် အာရုံပိုရောက်နေနိုင်သည့် သည်လိုပွဲစဉ်မျိုး၌ မန်ယူအတွက် ချယ်လ်ဆီးကို ကျော်တက်ခွင့်ရရန်အတွက် အခွင့်ကောင်းနေနိုင်ရာ သည်တစ်ပွဲကို မန်ယူတို့ အသေအချာဂရုစိုက်ကစားမည့်ပုံ ရှိသည်။ နစ္စတယ်ရှိုင်း ခြေနွေးပြီလား။

ကလည်း စိတ်ဝင်စားစရာ ကောင်းနေသေးရာ ပရီမီယာရှစ်မှာ ချန်ပီယံပေါ်ထွက်သွားသော်လည်း ဆွဲဆောင်မှုရှိနေဆဲဟု ဆိုရမည်။ ထို့အပြင် နောက်ထပ် စိတ်ဝင်စားစရာ ကောင်းသည့် အခြေအနေတစ်ခု ရှိနေသေးသည်။ ပရီမီယာရှစ်ချန်ပီယံ အာဆင်နယ်၊ ရှုံးပွဲမရှိသေးသည့် အာဆင်နယ်နှင့် လက်ကျန်လေးပွဲ အနေအထားပင် ဖြစ်သည်။ ချန်ပီယံဖြစ်သွားပြီ ဖြစ်သော်လည်း ရှုံးပွဲမရှိသေးသည့် စံချိန်ကို အာဆင်နယ်တို့ ဆက်ထိန်းဖို့ ကြိုးစားသွားမည်လား၊ သို့တည်းမဟုတ် ကစားသမားများ မျှော်လင့်ချက်များ ပြည့်ဝကုန်ကြပြီဖြစ်၍ လက်ကျန်လေးပွဲအပေါ် စိတ်အေးလက်အေးဖြင့် သာမန်လောက်သာကစားသွားကြတော့မည်လား ဆိုသည်ပင်ဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်နှင့် လက်ကျန်လေးပွဲ အနေအထားမှာလည်း ပရီမီယာရှစ် ပရိသတ် (အထူးသဖြင့် အာဆင်နယ်ပရိသတ်) များအပေါ် စိတ်လှုပ်ရှားမှုများ ပေးနိုင်လိမ့်ဦးမည်ထင်သည်။

ဧပြီ ၂၅ရက်က အင်္ဂလိပ်ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲအဖြစ် မန်ချက်စတာယူနိုက်တက်နှင့် လီဗာပူးအသင်းတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ယူ၏ လူငယ်တိုက်စစ်မှူး ခရစ်စ္စတင်းနို ရော်နယ်ဒို ထိုးဖောက်ကစားစဉ်။

ပွဲစဉ်(၃၆)၁/၂-၅-၂၀၀၄

အာဆင်နယ်-ဘာမင်ဂမ်

အာဆင်နယ်ချန်ပီယံအဖြစ် ဘာမင်ဂမ်နှင့် ကစားရမည် ဖြစ်သည်။ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်း၊ အိမ်ကွင်း၌ အောင်ပွဲခံနိုင်ရန်အတွက်ကိုတော့ အာဆင်နယ်တို့ ကြိုးစားမည်လား၊ သို့မဟုတ် ကစားသမားများ ချန်ပီယံဖြစ်ကုန်ပြီဖြစ်၍ စိတ်ကို လျှော့ချလိုက်ကြပြီလားဆိုသည်ကို အဖြေထုတ်ပေးတော့မည် ဖြစ်သည်။ ဘာမင်ဂမ်ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ကို မျှော်မှန်း၍ မရသည့်တိုင် ယူအီးအက်ဖ်အေတစ်နေရာစာလောက်တော့ ကြိုးစားပေလိမ့်ဦးမည်။ သို့သော်လည်း ဘာမင်ဂမ်၏အနာဂတ်မှာလည်း မှုန်ဝါးဝါး။ ရှုံးပွဲမရှိသေးသည့် အာဆင်နယ်ကို ပထမဦးဆုံး အရှုံးတွေ့အောင် လုပ်ပြနိုင်သည့်အသင်း ဟူသော ဂုဏ် အတွက်သာ ဘာမင်ဂမ်ကြိုးစားမည့်ပုံ ဖြစ်သည်။ သို့ရာတွင် ကစားရမည်က အာဆင်နယ်၏ ဟိုက်ဘူရီ၌ ဖြစ်နေရာ ဘာမင်ဂမ်၏ ကြိုးစားမှုအပြည့်အဝတော့ အရာရောက်မည် မထင်မိ။ သရေပွဲလောက်ဖြင့် နှစ်သင်းစလုံး ကျေနပ်လိုက်ကြလိမ့်မည် ထင်သည်။

ဘလက်ဘန်း-မန်ယူ

မန်ယူတို့ ရှုံးပွဲကြုံနေသော်လည်း ချယ်လ်ဆီးကပါ လိုက်ရှုံးနေသဖြင့် မန်ယူတို့ အဆင့်(၂)နေရာကို မျှော်လင့်ခွင့် ရှိနေဆဲဖြစ်သည်။ ဘလက်ဘန်းကလည်း အတန်းမဆင်း နစ္စတယ်ရှိုင်း မူလခြေစွမ်းရခဲ့ပါက မန်ယူအနိုင်ရနိုင်ပြီး မဟုတ်ပါက သရေပွဲလောက်တော့ရအောင် မန်ယူခံကစားနိုင်လိမ့်မည်ဟု ထင်နေမိသည်။

ဘော်လ်တန်-လိဒ်စ်

လိဒ်စ်ကို အဆုံးအဖြတ်ပေးမည့်ပွဲမျိုး ဖြစ်နေသည်။ သို့သော် လိဒ်စ်တို့ ရင်ဆိုင်ရမည့် ဘော်လ်တန်က ခုမှ ခြေမှန်ပြန်တွေ့နေသည်။ ပြီးတော့ ကစားရမည်ကလည်း ဘော်လ်တန်၏ ကွင်းဖြစ်နေပြန်ရာ လိဒ်စ်တို့၏ မျှော်လင့်ချက်မှာ ခပ်မှိန်မှိန်ဖြင့် မပီဝိုးတဝါးဖြစ်နေသည်။ လိဒ်စ်ကွင်းလယ်မှ ဘက်ကီနှင့်ဂျွန်ဆင် မကစားနိုင်ချိန်မှစ၍ လိဒ်စ် ကစားပုံ ပိုဆိုးနေသည်။ အထူးသဖြင့် ခံစစ်ကစားပုံ သိသိသာသာ ပျော့သွားသည်။ ရှေ့က ဗီဒူကာနှင့်စမစ်တို့၏ ဂိုးသွင်းမှုကလည်း ယခုတလော ယောင်ဝါးဝါးဖြစ်နေရာ သည်တစ်ပွဲ၌ ဟိုမရောက် ဒီမရောက် အိမ်ရှင်ဘော်လ်တန် သနားမှ လိဒ်စ်တို့ အမှတ်ရသွားနိုင်သည့် အခြေအနေမျိုး ဖြစ်နေသည်။ ချင့်ချိန်တွက်ဆရမည့် ပွဲမျိုးဖြစ်သည်။



ဧပြီ ၂၅ရက်က အင်္ဂလိပ် ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲအဖြစ် လိဒ်စ်ယူနိုက်တက်နှင့် ပို့စ်မောက်အသင်းတို့ ပွဲတွင် ပို့စ်မောက်မှ လိုမာနာလူရာလူရာ လိဒ်စ်ဘက်သို့ ဂိုးသွင်းယူလိုက်စဉ်။

ချာလ်တန်-လက်စတာ

ချာလ်တန် ခြေပျက်နေသည်။ ရှုံးပွဲဆက်နေသည်။ ထို့ကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက် ခပ်ပါးပါးသာ ကျန်တော့သည်။ ထိုအချိန်၌ လက်စတာမှာ ဖောင်ဖျက်ရမည့်အသင်း ဖြစ်နေသည်။ သည်တစ်ပွဲရှုံးပါက အတန်းဆင်းရတော့မည်ဖြစ်ရာ လက်စတာခြေကုန်ထုတ်တော့မည့် ပွဲဖြစ်သည်။ ထိုအချိန်၌ ချာလ်တန်ကလည်း ခပ်ပျက်ပျက်ဖြစ်နေရာ လက်စတာ အမှတ်ရအောင် ယူသွားနိုင်လိမ့်မည်ဟု ထင်သည်။ တစ်မှတ်လား၊ သုံးမှတ်လား။

ချယ်လ်ဆီး-ဆောက်သမ်တန်

ချယ်လ်ဆီး ယခုပွဲကို ဂရုစိုက်နေလိမ့်မည် မဟုတ်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲ ရောက်ရေး မိုနာကိုကို မည်သို့ကျော်ဖြတ်ရမည်ကိုသာ စဉ်းစားနေကြလိမ့်မည်။ ထို့ကြောင့် ယခုပွဲ၌ ချယ်လ်ဆီး၏ခြေစွမ်းကို အမြင့်ဆုံးထားတွက်ထား၍မရ။ စိန့်တို့ကို မရှုံးဖို့သာ အဓိကအာရုံစိုက်ထားလိမ့်မည်။ စိန့်တို့၏ ခြေစွမ်းကလည်း ယခုအချိန်၌ အတက်အကျမြန်မြန်။ အထူးသဖြင့် ဘီတီ၊ ဖိလစ်တို့၏ ဂိုးသွင်းအားက စိန့်တို့အား အနိုင်အရှုံးအဖြေကို ထုတ်ပေးသလိုရှိနေသည်။ လက်ရှိအနေအထားများအရ ကစားရမည်က စတန်းဖို့ဒ်ဘရစ်ချ် ဖြစ်နေသလို စိန့်တို့၏ ခြေစွမ်းကိုလည်း ပုံမှန် တွက်ထား၍မရသည့်အချိန်မျိုး ဖြစ်နေရာ ချယ်လ်ဆီးတို့ သာမန်လောက်ကစားပြီး အနိမ့်ဆုံး သရေတစ်မှတ်လောက် ရအောင် ယူထားနိုင်မည့်ပုံ ရှိနေသည်။

ယှဉ်ပြိုင်

ဧပြီ ၂၅ရက်က အင်္ဂလိပ်ပရီမီယာရှစ် ဘောလုံးပွဲကို ဆက်လက်ကျင်းပရာ အဲဗာတန်နှင့် ဘလက်ဘန်း အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

လီဗာပူး-မစ်ဒယ်ဘရော့

လီဗာပူး လက်ကျန်ပွဲအားလုံး အနိုင်ရအောင် ကစားထားရတော့မည့်အချိန် ဖြစ်နေသည်။ တစ်ချက်လေးမှ အမှားမခံတော့။ ခုနောက်ပိုင်း ကစားပုံ အထူးသဖြင့် ခံစစ် တက်လာသလိုရှိသော်လည်း တိုက်စစ်က ညံ့မြဲညံ့နေဆဲ ဖြစ်သည်။ သို့သော် ယခုကစားရမည့်ပွဲက အိမ်ရှင်ဖြစ်နေသည့်အပြင် ပြိုင်ဘက် မစ်ဒယ်ဘရော့ကလည်း မျှော်လင့်ချက်များ ပြည့်ဝနေသည့် အသင်းဖြစ်နေရာ လီဗာပူးအနေဖြင့် မျှော်လင့်နိုင်ခွင့်တော့ ရှိနေသည်။ လီဗာပူး နိုင်လိမ့်မည် ထင်သည်။

မန်စီးတီး-နယူးကာဆယ်

မန်စီးတီးအတွင်း ပြဿနာများရှိနေသည်။ ထိုပြဿနာများကြောင့် အသင်းက ထင်သလိုဖြစ်မလာ။ သည်တစ်ပွဲ မနိုင်လျှင်တော့ မန်စီးတီး အခြေအနေ ပိုဆိုးသွားနိုင်ရာ သည်တစ်ပွဲ အိမ်ကွင်း၌ မန်စီးတီး ခြေစွမ်းပြလိမ့်မည် ထင်သည်။ သို့သော် နယူးကာဆယ်ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက် တိုက်ပွဲဝင်နေသည့် အသင်းဖြစ်သည်။ သို့သော် ယခုပွဲအပြီး ယူအီးအက်ဖ်အေ ဆီမီးအဆုံးအဖြတ်ပွဲ နွှဲဖို့ ရှိနေသေးသည်။ အသင်း၌လည်း ဒဏ်ရာပြဿနာများကြုံနေရာ ဒဏ်ရာများ ထပ်တိုးပြီး ယူအီးအက်ဖ်အေပွဲ သွားနွှဲရသည့်အဖြစ်မျိုး အရောက်ခံလိမ်မည် မထင်။ လက်ထဲ၌လည်း ပွဲကျန်တစ်ပွဲကစားဖို့ ရှိနေသေးရာ သည်တစ်ပွဲ၌ နယူးကာဆယ် ဒဏ်ရာ ရှောင်ကစားတော့မည့်ပုံ ရှိသည်။ ထို့ကြောင့် မန်စီးတီးသာ သည်တစ်ပွဲကို အသေအချာ ကြိုးစားပြီး အားထည့်ကစားခဲ့ပါက အမှတ်ပြည့် ရနိုင်သည့် အခွင့်အရေးမျိုး ရှိနေသည်။

ပို့စ်မောက်-ဖူလ်ဟမ်း

နှစ်သင်းစလုံး အမှတ်ရအောင် ကစားကြလိမ့်ဦးမည် ထင်သည်။ နှစ်သင်းစလုံးအတွက် မျှော်လင့်ချက် ကိုယ်စီရှိနေကြရာ အနိုင်ရရေး အသေအချာ ကစားကြဦးမည့်ပုံ ရှိသည်။ ယခုတလော ခြေစွာနေသည့် ပို့စ်မောက်၏ ခြေစွမ်းဖြင့်ဆိုလျှင် အဝေးကွင်း၌ သာမန်လောက်သာ ရှိသည့် ဖူလ်ဟမ်းဆီက အမှတ်ရအောင် ယူနိုင်မည့်ပုံရှိသည်။ သို့သော် တစ်မှတ်သာ ရလိမ့်မည်ထင်သည်။

ဝုလ်ဖ်-အဲဗာတန်

ဝုလ်ဖ်အတွက် နောက်ဆုံး အခွင့်အရေးသည် ပွဲမနိုင်လျှင် ဝုလ်ဖ်အတန်းဆင်း ရတော့မည်။ ထို့ကြောင့် ဝုလ်ဖ်တို့ အိမ်ကွင်း၌ နောက်ဆုံး တိုက်ပွဲဆင်နွှဲတော့မည့်ပုံ ရှိသည်။ အဲဗာတန်အသင်းကလည်း အဝေးကွင်း ခပ်ညံ့ညံ့ အသင်းမျိုးဖြစ်ရာ ဝုလ်ဖ်တို့ သုံးမှတ်အပြည့် ယူသွားနိုင်ဖို့ များနေသည်ဟု ထင်မိသည်။

ဗီလာ-တော့တင်ဟမ်

တဖြည်းဖြည်း တော့တင်ဟမ်၏ အနေအထားက စိတ်မအေးရတော့။ အတန်းဆင်းဇုန်နှင့် အဝေးနေရာ ရောက်အောင် မြန်မြန်လှမ်းရမည့် အနေအထားမျိုး ဖြစ်နေသည်။ သို့သော် ကစားရမည်က အက်စတန်ဗီလာ ချန်ပီယံလိဂ် ဝင်ခွင့်အတွက် မျှော်လင့်ချက် အပြည့်ရှိနေသော အသင်း၊ ကစားရမည်ကလည်း ဗီလာအသင်း၏ကွင်း။ ပြီးခဲ့သည့် ငါးရာသီဆက်တိုက်လည်း ဗီလာအသင်းကို ဗီလာပါ့ခ်၌ တော့တင်ဟမ် တစ်ကြိမ်မှ မနိုင်ခဲ့ဖူးရာ ယခုတစ်ကြိမ်၌လည်း တော့တင်ဟမ် လွယ်မည်မထင်မိ။ ဗီလာပဲ နိုင်သွားရန် အခွင့်အရေးကောင်းနေသည်ဟု ထင်မိသည်။ ။ **(မြန်မာ့အလင်း)**

သာစည်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သာစည် ဧပြီ ၂၁

သာစည်မြို့နယ် စစ်မှုထမ်းဟောင်းများအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို မတ် ၂၇ ရက် နံနက် ၇နာရီက အမှတ်(၇)ရပ်ကွက် တောင်မြောက်လမ်းမကြီးတွင် ပြုလုပ်ကြသည်။

ရှင်းလင်း

အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ပွဲသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းများအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးလှသောင်း(ငြိမ်း)နှင့် စစ်မှုထမ်းဟောင်းများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ စုစုပေါင်း အင်အား ၁၅၀ ကျော်တို့က လမ်းဘေးဝဲ/ယာရှိ ချုံနွယ်မြက်ပင်များ၊ အမှိုက်သရိုက်များကို ရှင်းလင်းကြကြောင်း သိရသည်။

(က-ပ)

ဧပြီ ၂၀ ရက် ကညောင်ဦးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ ခရိုင်၊မြို့နယ် အဖွဲ့ဝင်များနှင့်အတူ ညောင်ဦးမြို့ မဏိစည်သူဈေး ရေမြောင်းတူးဖော်သန့်ရှင်းရေး ဆောင်ရွက်မှု၊ ပုဂံ-ညောင်ဦး အနော်ရထာလမ်းမကြီး လမ်းဘေးဝဲ/ယာ သန့်ရှင်းရေးနှင့် လမ်းလယ်ကျွန်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုတို့ကို လိုက်လံစစ်ဆေးပြီး ညောင်ဦး(ပုဂံ)မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့က လုပ်ငန်းများဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသကြစဉ်။ (မြို့နယ်စည်ပင်)

သတ္တမအကြိမ်မြောက် ညောင်လွန်းတောရဘုမ်ကျဉ်း ဝိပဿနာ ၁၀ ရက်တရားစခန်းဖွင့်မည်

မော်လမြိုင် ဧပြီ ၂၄

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ မင်းကျောင်း ပရိယတ္တိစာသင်တိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သတ္တမအကြိမ်မြောက် ညောင်လွန်းတောရ ဘုမ်ကျဉ်း ဝိပဿနာ ၁၀ ရက်စခန်းဖွင့်ပွဲကို မေ ၆ ရက်မှ ၁၅ရက်ထိ မင်းကျောင်းပရိယတ္တိစာသင်တိုက်တွင် တရားစခန်းဖွင့်မည်ဖြစ်သည်။

အဆိုပါတရားစခန်းတွင် တရားပြဆရာတော်အဖြစ် မော်လမြိုင်မြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီရိနာဂိန္ဒာဘိဝံသက တရားပို့ချပေးပြီး တရားစခန်း ဝင်ရောက်လိုသူများနှင့် လှူဒါန်းလိုသူများသည် မေ ၃ ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်နိုင်ရန် မော်လမြိုင်မြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဖုန်း-၀၅၇-၂၄၀၁၃ ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၁၆၈)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန် ကြားရေးမှူး) ဦးစိုးဝင်းကျော်နှင့်အဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် အဖွဲ့ပိုင် ကတ္တရာဖိစက်ဖြင့် လမ်းပေါက်ဖာခြင်းလုပ်ငန်းကို ဧပြီ ၇ ရက်က သခင်မြလမ်းတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာမဟာသင်္ကြန် ဆုပေးပွဲကျင်းပ

ကော့သောင်း ဧပြီ ၂၀

၁၃၆၅ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ကော့သောင်းမြို့ ဗဟိုမဏ္ဍပ်တွင် ဧပြီ ၁၂ရက်က ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့ပေါ်ရပ်ကွက်နှင့် တပ်နယ်မိသားစု သင်္ကြန်အက၊ ယိမ်းအဖွဲ့များ ငါးရက်တိုင်တိုင် အဆိုပါမဏ္ဍပ်၌ ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ခရိုင်၊ မြို့နယ်အဆင့် ဦးစီးမှူးများနှင့် အသင်းအဖွဲ့ ဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အဆိုပါ အခမ်းအနားတွင် သင်္ကြန်ယိမ်းပထမ အောင်သုခရပ်ကွက်ယိမ်းအဖွဲ့၊ ဒုတိယ ရွှေဟသာ်ရပ်ကွက်ယိမ်းအဖွဲ့၊ တတိယ ၂၆၂ တပ်မိသားစုယိမ်းအဖွဲ့နှင့် ရပ်ကွက်မဏ္ဍပ်တွင် ပထမ ရေပ်ငြိမ်ရပ်ကွက်မဏ္ဍပ်၊ ဒုတိယ ပိတောက်ရွှေဝါရပ်ကွက်မဏ္ဍပ်၊ တတိယ မြေကံသာရပ်ကွက် မဏ္ဍပ်တို့အား ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသိန်းအောင်၊ ခရိုင်ရဲမှူး အေးထွန်းတို့က ဆုများကို အသီးသီး ချီးမြှင့်ပေးကြသည်။ **(အောက်ပုံ)**

(၃၈၉)

ဧပြီ ၃ ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအေးမောင်က အလှပန်းအိုးများ ပြုလုပ်ခြင်းအား အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းဖြတ်မြို့နယ် အရန်မီးသတ် သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကျင်းပ

မိုင်းဖြတ် ဧပြီ ၁၈

မိုင်းဖြတ်မြို့နယ် အရန်မီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဆင်းပွဲကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီက အထက်တန်းကျောင်းဝင်း၌ ကျင်းပရာ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ အကောင်းဆုံးသင်တန်းသားစံပြဆုနှင့် အခြေခံစစ်ရေးပြ ထူးချွန်ဆုရသူများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်က လည်းကောင်း၊ အဖွဲ့လိုက် သရုပ်ပြ ထူးချွန်ဆုရရှိသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က လည်းကောင်း၊ သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းနည်းပြတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ရွှေကလည်းကောင်း အသီးသီး ချီးမြှင့်ပေးကြသည်။

ထို့နောက် သင်တန်းသားများက အဖွဲ့လိုက်သရုပ်ပြကြပြီး အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၉၇ဦးတက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းရောင်ခြည်စာကြည့်တိုက်သက်ကြီးပူဇော်

မြိုင် ဧပြီ ၂၃

ပခုက္ကူခရိုင် မြိုင်မြို့ မင်းသားကျကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မင်းသားကျကျေးရွာ မင်းရောင်ခြည်စာကြည့်တိုက် အမှုဆောင်များက စတုတ္ထအကြိမ် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၆ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါပူဇော်ပွဲတွင် ရွာဦးကျောင်း ဆရာတော် ဦးဥတ္တမသဟက အဖွင့်တရားဟောကြားပြီး အဘိုးအဘွား ၂၃ ဦးတို့အား ကန်တော့ကြသည်။

ထို့နောက် အဘိုးအဘွား ၂၃ဦး တို့ကို ပစ္စည်းများလှူဒါန်းကြပြီး **(ဝဲပုံ)** စေတနာရှင်များက လက်ဖက်ရည်မုန့်အာဟာရများ လှူဒါန်းကြသည်။ ဆက်လက်၍ အဘိုးအဘွားတို့အား ခေါင်းလျှော်၊ ရေချိုး၊ ခန္ဓာကိုယ်သန့်ရှင်းမှုများ ဆောင်ရွက်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၁၀ ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကမ်းနားလမ်းတစ်လျှောက် မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်မာမာဝင်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပုသိမ်မြို့ ကျေးလက်လမ်းများ ကောင်းမွန်ရေးဆောင်ရွက်ကြရာ အဖွဲ့ရုံး အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဆန်းမော်ခင်နှင့် တာဝန်ခံအင်ဂျင်နီယာက မိုးကုတ်-သဲဖြူလမ်း ကျောက်ချောခင်းခြင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

မီးဘေးကာကွယ်ရေးဟောပြော

မင်းဘူး ဧပြီ ၁၄

မင်းဘူး(စကု)မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးတင့်ဆွေသည် ဧပြီ ၇ ရက်က စံပြကျေးရွာများဖြစ်သော ကျောက်စစ်ပုံ၊ တောင်မန်း၊ ကိုင်းတောကြီး၊ ကိုင်းတောလေး၊ ကန်ရေကျေးရွာများတွင် ကျေးရွာတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်လုပ်ငန်းဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောကာ မီးဘေးကြိုတင်ကာကွယ်ရေး ပိုစတာများကို ဖြန့်ဝေပေးကြကြောင်း သိရသည်။ **(၄၀၇)**

ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီးခန်းမတွင် မတ် ၂၄ ရက်က ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားစဉ်။ (၀၉၉)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ဒုတိယဦးစီးမှူး(အခွန်) ဦးသန့်ဇင်ဦးတို့အဖွဲ့က ၂၀၀၄–၂၀၀၅ ခုနှစ် အနေးယာဉ်လိုင်စင်အတွက် အနေးယာဉ်များနှင့် အနေးယာဉ်လုပ်သားများအား ဧပြီ ၅ရက်နှင့် ၆ ရက်များက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျစစ်ဆေးပြီး လိုင်စင်အသစ်များ ဆောင်ရွက်ပေးစဉ်။ (၀၉၈)

နွေစပါးစိုက်ပျိုးပြီးစီး၍ ထွန်တုံးပိတ်ပွဲကျင်းပ

လယ်ဝေး ဧပြီ ၁၅

မန္တလေးတိုင်း ရမည်းသင်းခရိုင် နွေစပါးစိုက်ပျိုးပြီးစီးအောင်မြင်ခြင်း ထွန်းတုံးပိတ်ပွဲကို ဧပြီ ၁ရက်က လယ်ဝေးမြို့နယ် ရေကာကျေးရွာအုပ်စု ရှမ်းရွာကျေးရွာ တောင်သူဦးသန်းလွင်၏ ကွင်းအမှတ်–၁၇၃၇(က) လယ်မြေခြောက်ဧကတွင် ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ခရိုင်အဆင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများ၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ ရှမ်းရွာလျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ နွေစပါးစိုက်ပျိုးပြီးစီးခြင်းတွင် ရေကာကျေးရွာအုပ်စုလယ်မြေဧက ၁၀၅၀၊ အလယ်ကျွန်းကျေးရွာအုပ်စု လယ်မြေဧက ၁၀၀၀ကို ၂၀၀၄ ခုနှစ် စိုက်ပျိုးရာသီအတွက် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **(၃၃၃)**

ငါးပြည့်အင်းကျေးရွာမူလတန်းကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

အင်းတော် ဧပြီ ၁၅

အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု ငါးပြည့်အင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက် နံနက်က အဆိုပါကျောင်းဆောင်သစ်တွင် ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လက်ထောက်မြို့နယ်ပညာရေးမှူးနှင့်ကျေးရွာအုပ်စု ဥက္ကဋ္ဌတို့က အမှာစကားပြောကြား၍ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လက်ထောက်မြို့နယ်ပညာရေးမှူးအား ကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌကပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **(၁၃၃)**

မြန်မာ့အသံ

၁–၅–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

- ၀၉း၃၀ ခေတ်ပေါ်တေး
- ၀၉း၄၅ အာဆီယံအစီအစဉ်
- ၁၀း၀၅ အာယုနှင့် သာစုဆွေးနွေးခန်း
- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (အိမ်တွင်းစက်မှုလုပ်ငန်းထုတ်ဆေးဖက်ဝင် ပစ္စည်းများ အကြောင်း)
- ၁၁း၃၅ အဘိုးအဘွားအလေးထား (သန်လျင်မြို့မှ ဘွားသက်ရှည်ဘွားဒေါ်ချစ်မယ်နှင့်ဆွေးနွေးခန်း)
- ၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

- ၁၆း၃၀ ထီပေါက်စဉ်
- ၁၇း၀၀ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (မွန်ပြည်နယ်မှ မောင်ထိန်လင်းအောင်နှင့် မောင်ရန်မင်းအောင်တို့၏ ဓမ္မပူဇာတေး)
- ၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဂေါက်သီးရိုက်ကစားခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများ) (ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)
- ၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
- ၁၉း၁၅ တေးစီးရီး(မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဆက်အောင်၏ ကောင်းကင်ကြီးအောက်မှာ အချစ်တေးစီးရီး)
- ၂၀း၂၀ English Lesson Working Knowledge –မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တေးသံစုံ

မာလာတင်
အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ လူဦးရေကန့်သတ်သည်။
၁–၆–၂၀၀၄ စမည် အမှတ်(၂၉၇)အခန်း၆
စုံစမ်းချိန် – နံနက် ၉ နာရီမှညနေ ၆ နာရီအတွင်း မဟာဗန္ဓုလပန်းခြံလမ်း ဖုန်း–၃၇၉၇၃၅

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

DRY CHARGED
SUPER POWER BATTERY
BS
Battery Star

မှတ်ပုံတင်အမှတ်–၂၁၇၆/၀၄

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၂ ရပ်ကွက်၊ လှိုင်စံပယ်လမ်း၊ အမှတ် (၆၄၆/အေ၃) နေ ဦးသိန်းမြင့် ၁၂/အစန(နိုင်)၀၅၃၉၀၁ က ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်–၂၁၇၆/၀၄ ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

